# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၄၁)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပိမိနိုင်ငံ၊ ပိမိလူမျိုးနှင့်ကိုက်ညီသည့် ဒီမိုကရေစီလူနေမှုပုံစံကိုထူထောင်ရန် ကြိုးပမ်းလျက်ရှိ တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ ဟန်ချက်ညီညီ စည်းရုံးရေးအင်အားဖြင့် ပူးပေါင်းပါဝင် ပြောင်းလဲတည်ဆောက် အကောင်အထည်ဖော်နေချိန် အမျိုးသားအင်အားစုများ စုစည်းဖော်ဆောင် နိုင်ငံတော်တည်ဆောက်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ၌ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်

**နေပြည်တော်　နိုဝင်ဘာ ၉**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက် အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■



**အမှာစကားပြောကြား**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)အကြိုညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူလူထု ကောင်းစားရေး လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူများကိုယ်တိုင် အသိတရားရှိရှိ ပူးပေါင်းပါဝင်လာပြီး ပိုမိုထိရောက်အောင်မြင်လာရေးအတွက် အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များ၏ စွမ်းအား၊ ဌာနဆိုင်ရာများ၏ စွမ်းအားတို့ကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စုစည်းရယူ လုပ်ကိုင်ဆောင်ရွက်။**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်)

# ရရှိထားသည့် အခြေခံကောင်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး အသင်းသားများ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် တစ်မျိုးသားလုံး၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ထူထောင်ရာတွင် အမျိုးသားရေး အင်အားစုကြီးအဖြစ် ရပ်တည်၍ ပါဝင်ဆင်နွှဲခဲ့သည်မှာ (၁၃)နှစ် ကျော်လွန်ခဲ့ပြီဖြစ်သည်။

အသင်းကြီးသည် စတင်ဖွဲ့စည်းချိန်ကစပြီး အဆင့်ဆင့်ဖွဲ့စည်းရေး၊ စည်းရုံးရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း အသင်းဝင်လူငယ်များ၏ ကာယ၊ ဉာဏ စွမ်းရည်မြင့်မားရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်ပြုစုပျိုးထောင် ပေးလျက်ရှိသည်။

အသင်းကြီး၏ သက်တမ်းအတွင်း ဗဟိုအဆင့်မှ ကျေးလက်ဒေသအထိ အဆင့်အသီးသီးတွင် အရည်အချင်းပြည့်ဝသော လူငယ်လူရွယ်များဖြစ်စေရန် သင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိသည်။

ထိုသင်တန်းများကြောင့် အသင်းသားများသည် ပြည်ထောင်စုကြီး၏ တန်ဖိုး၊ ချစ်ကြည်စည်းလုံးညီညွတ်ခြင်းနှင့် ငြိမ်းချမ်းခြင်း၏တန်ဖိုး၊ အချုပ်အခြာအာဏာ၏ တန်ဖိုးများကို ပိုမိုသိမြင် သဘောပေါက်ကာ တန်ဖိုးထားလျက်ရှိသည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ မျှော်မှန်းချက်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့၍ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဦးတည်ချက်များ အရှိန်အဟုန်ရရှိနေပြီ ဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် နိုင်ငံတော်က ရရှိထားသည့် အခြေခံကောင်းများ ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင် တက်တက်ကြွကြွ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရေး ဆက်လက်ကြိုးပမ်း ဖော်ဆောင်သွားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် နိုဝင်ဘာ ၁၄ ရက်မှ ၂၃ ရက်အထိ ၁၀ ရက်တိုင်တိုင် ဓမ္မကထိက ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒကလည်းကောင်း၊ နိုဝင်ဘာ၂၄ ရက်တွင် မြန်မာသီရိလင်္ကာရာမကျောင်းတိုက် နယ်လှည့် ဓမ္မကထိက အရှင်စန္ဒောဘာသကလည်းကောင်း ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟော ကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ |
|---|---|
| | **ရာထူး၊ ဌာန** |
| (က) ဒေါက်တာကိုကိုဦး | ညွှန်ကြားရေးမှူးချုပ် အဏုမြူစွမ်းအင်ဦးစီးဌာန သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန |
| (ခ) ဦးအုန်းသန်း | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန |
| (ဂ) ဦးသိန်းထွန်း | ကျောင်းအုပ်ကြီး ရန်ကုန်သမဝါယမဒီဂရီကောလိပ် သမဝါယမဝန်ကြီးဌာန |

# ပြင်သစ်နိုင်ငံနေရာ အများအပြားတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့

ပါရီ နိုဝင်ဘာ ၉

**ပြင်သစ်နိုင်ငံ ပါရီမြို့၌ နိုဝင်ဘာ၄ ရက်က ပါရီမြို့အပါအဝင် နေရာဒေသအများအပြားတွင် ညအချိန်၌ မိနစ် ၉၀ ကြာ လျှပ်စစ်ဓာတ်အား ပြတ်တောက်သွားကြောင်း၊ တစ်ချိန်တည်းမှာပင် ဂျာမနီနိုင်ငံရှိ အနည်းဆုံး ပြည်နယ်သုံးခုတွင်လည်း လျှပ်စစ်ဓာတ်အားများ ပြတ်တောက်သွားကြောင်း သိရသည်။**

### ကြုံတွေ့

ပြင်သစ်နိုင်ငံ နှစ် ၃၀ အတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုကို အဆိုးရွားဆုံး ကြုံတွေ့ရခြင်းဖြစ်ကြောင်း၊ ပြင်သစ်နိုင်ငံ၏ အရှေ့ပိုင်းဒေသအများအပြားတွင်လည်း ဓာတ်အားပြတ်တောက်မှုကြုံတွေ့ခဲ့ရကြောင်း ပြင်သစ်နိုင်ငံ ဂျီဂျီဘီကုန်သွယ်ရေးအဖွဲ့၏ သတ္တုနှင့်စွမ်းအင်ဆိုင်ရာ အကြီးအကဲ မောရစ်မာရီရွန်က ပြောကြားသည်။

### ထုတ်ပြန်

ယခုကဲ့သို့ လျှပ်စစ်ဓာတ်အား ရုတ်တရက် ပြတ်တောက်သွားမှုမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ဟု မသိရသေးကြောင်း ပြင်သစ်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်သည်။

လျှပ်စစ်မီးပြတ်တောက်မှုမှာ နိုဝင်ဘာ ၄ ရက် ည ၁၀ နာရီအချိန်ခန့် မှ စတင်ပြတ်တောက်သွားခြင်းဖြစ်ပြီး မိနစ် ၉၀ ကြာမြင့်ခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## မြဝတီရုပ်မြင်သံကြား

**၁၀-၁၁-၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၄၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"လျှို့ဝှက်ချက်"** (အပိုင်း-၃၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့ တက်လူ"** (အပိုင်း-၁၉)

## အထက (၃) မိတ္ထီလာ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

အထက(၃) မိတ္ထီလာ (ယခင်မိတ္ထီလာတပ်မတော်ကျောင်း)ကျောင်းသား ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (အမျိုးသားအောင်ပွဲနေ့)နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း နှင်းဆီကုန်း ဘိုးဘွားရိပ်သာ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ကျောင်းသားကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဗိုလ်မှူးကြီးကျော်ညွှန့် ဖုန်း-၀၉-၈၀-၃၁၀၁၄၊ ဦးဇော်နေဝင်း ဖုန်း-၂၁၂၁၉၆၊ ဦးမြင့်အောင် ဖုန်း-၃၇၆၃၁၉ နှင့် ဦးသောင်း ဟန် ဖုန်း-၅၉၀၅၇၅ တို့သို့ ကြိုတင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## MRTV-4 ၏ ရုပ်မြင်သံကြားအစီအစဉ်

**၁၀-၁၁-၂၀၀၆ (သောကြာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ Myanmar Video Rhythm
- ၇:၅၅ တေးဂီတအစီအစဉ်
- ၈:၀၀ ကုန်သွယ်စီးပွားနိုင်ငံ့အား (ကုန်သွယ်မှု၏ အားထားရာ ဆိပ်ကမ်းသီလဝါ)
- ၈:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၃၅ ကျန်းမာခြင်းဆိုင်ရာ သိကောင်းစရာများ
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ ရောင်ပြန်မေတ္တာ ဖူးပွင့်ဝေဆာ နှင်းဆီကုန်းဘိုးဘွားရိပ်သာ
- ၉:၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၉:၁၀ ရန်ကုန်ထရန်စဖော်မာ
- ၉:၂၅ တေးဂီတအစီအစဉ်
- ၉:၃၀ Basic Computer Learning for Beginner (Vol:6)
- ၉:၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၀:၀၀ လင်းလက်တောက်ပ သဘော်ဆေးအလှ
- ၁၀:၁၅ တေးဂီတအစီအစဉ်
- ၁၀:၂၀ သုံးဆယ်ရေလှောင်တမံ (ပဲခူးတိုင်း)
- ၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၄၀ တေးဂီတအစီအစဉ်
- ၁၀:၄၅ Science Tech Today (ကမ္ဘာ့ရာသီဥတု ပြောင်းလဲခြင်း) (အပိုင်း-၂) [ဦးထွန်းလွင်၊ ကိုကို(စက်မှုတက္ကသိုလ်)]
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၀ အရက်အန္တရာယ်
- ၁၁:၄၀ တေးဂီတအစီအစဉ်
- ၁၁:၄၅ ကန်တော်ကြီး ရေချိုငါးဥယျာဉ် (အပိုင်း-၂)
- ၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ကျူးဘားအား အမေရိကန်စီးပွားရေးပိတ်ပင်မှု တောင်အာဖရိက ကွန်မြူနစ်ခေါင်းဆောင် ပြစ်တင်

**ဟာဗားနား နိုဝင်ဘာ ၉**

ကျူးဘားနိုင်ငံသို့ ရောက်ရှိနေသော တောင်အာဖရိက ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးဘလိပ်က ကျူးဘားနိုင်ငံအား အမေရိကန် စီးပွားရေး ပိတ်ပင်မှုကို နိုဝင်ဘာ ၆ ရက်က ပြစ်တင်ရှုတ်ချလိုက်သည်။

အမေရိကန်၏ ယင်းပိတ်ပင်မှုမှာ စီးပွားရေးစစ်ဆင်မှု လုပ်ရပ်တစ်ခုဖြစ်ပြီး ကျူးဘားလူ့အခွင့်အရေးကို ချိုးဖောက်ခြင်း ဖြစ်သည်ဟုလည်း မစ္စတာ ဘလိပ်က ပြောကြားလိုက်သည်။

### ရှုတ်ချ

ကျူးဘားအား အမေရိကန် စီးပွားရေးပိတ်ပင်မှုမှာ လူမဆန်သော မူဝါဒအဖြစ် ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ရပ်က ပြစ်တင်ရှုတ်ချပြီး ချက်ချင်းဖယ်ရှားပစ်ရန် တောင်းဆိုခြင်းကို တောင်အာဖရိကနိုင်ငံက ထောက်ခံမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မိမိ၏ကျူးဘားခရီးစဉ်မှာ အောင်မြင်ပြီး မိမိတို့ကွန်မြူနစ် နှစ်နိုင်ငံအကြား နှစ်၄၀ကြာ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုနက်ရှိုင်းစေကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



# အနာဂတ်၏ အမျိုးသားရေးအင်အားသစ်များ



နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးနှင့် မြန်မာတိုင်းရင်းသား ပြည်သူတို့အတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ လူနေမှုဘဝ တည်ဆောက်ရေးပင် ဖြစ်သည်။

ယင်းရည်မှန်းချက်ပန်းတိုင်ကို ပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ ဦးဆောင်မှုကိုခံယူပြီး တက်ကြွစွာ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ နိုင်ငံတော်၏ အမျိုးသားရေးဦးတည်ချက်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းညွှန်အဖြစ် လက်တွေ့ပြည်သူ့ဘဝနယ်ပယ်တွင် အောင်မြင်စွာ အကောင်အထည်ဖော်လျက်ရှိသည်။

ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အမှန်တကယ် ခုန်ပျံကျော်လွှား၍မရသော အသွင်ကူးပြောင်းရေး ကာလတစ်ရပ်ကို ဖြတ်သန်းရမည်ဖြစ်ရာ ယင်းအသွင်ကူးပြောင်းရေးကာလတွင် ဒီမိုကရေစီ နိုင်ငံတော်၏ အခြေခံအုတ်မြစ်မဏ္ဍိုင်များဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများသည် မရှိမဖြစ် လိုအပ်လျက်ရှိသည်။ ယင်းလိုအပ်ချက်များအား နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ညီညွတ်သော အမျိုးသားရေးအင်အားဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပြီဖြစ်ရာ အနာဂတ် ဒီမိုကရေစီနိုင်ငံတော်၏ သွားရာလမ်းကြောင်းအဖြစ် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ခဲ့ပြီးဖြစ်သည်။

အမျိုးသားရေးရည်မှန်းချက် ပန်းတိုင်အား အမျိုးသားရေး တာဝန်အဖြစ် တစ်မျိုးသားလုံးက ဖော်ဆောင်ရာတွင် နိုင်ငံတော်၏ အနာဂတ် မျိုးဆက်သစ်ဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည်လည်း ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်လျက်ရှိနေသည်မှာ အနာဂတ်နိုင်ငံတော်အတွက် အားတက်ဝမ်းမြောက်ဖွယ်ပင်ဖြစ်သည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အနာဂတ်ကာလတွင် နိုင်ငံတော်၏ အမျိုးသားရေးအမွေကို လက်ဆင့်ကမ်းသယ်ဆောင်ကြရမည့် အမျိုးသားရေး အင်အားစုကြီးလည်းဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ သမိုင်းကြောင်းနောက်ခံနှင့်အတူ အသင်း၏အဓိဋ္ဌာန် ရည်ရွယ်ချက်၊ အခြေခံမူများကို အကျဉ်းမျှ ကောက်နုတ်ဖော်ပြရန် လိုအပ်လာပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေးဖြစ်ပေါ်မှုသမိုင်းစဉ်တရားအရ ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းဖြစ်တည်ရှင်သန် လာခဲ့သော အမျိုးသားရေးအဖွဲ့အစည်းဖြစ်သည်။ တိုင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာရပ်ကွက်အထိ အဆင့်ဆင့် ကျယ်ပြန့်လာပြီး ယနေ့ကာလတွင် အသင်းဝင်အင်အား ၂၃ သန်းကျော်မျှ ရှိလာခဲ့ပြီဖြစ်သည်။

**"ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား လူမျိုးများ ချစ်ကြည်ရေး၊ နိုင်ငံတော်အချုပ်အခြာအာဏာနှင့် နယ်မြေ တည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့အတွက် ကာကွယ်စောင့်ရှောက်ရန် အဓိဋ္ဌာန်ပြုသည်"** ဟူ၍ သစ္စာအဓိဋ္ဌာန်ကို ပြတ်သားစွာ ချမှတ်ထားပြီးဖြစ်သည်။ ထို့အတူပင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ နိုင်ငံတော်အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး၊ အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေး ရေးရှုလျက် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဆောင်ရွက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အေးချမ်းသာယာသော ခေတ်မီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးတို့ကို အသင်း၏ ရည်ရွယ်ချက်အဖြစ် ချမှတ်ခဲ့သည်။

ယင်းအဓိဋ္ဌာန်နှင့် ရည်ရွယ်ချက်များ ပြဋ္ဌာန်းချမှတ်ထားသည်နှင့်အညီ လက်တွေ့လုပ်ငန်းပိုင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံမူများအဖြစ် **"အမျိုးသားရေးဆိုင်ရာအခြေခံမူ၊ တိုင်းရင်းသားရေးဆိုင်ရာအခြေခံမူ၊ ဘာသာရေးဆိုင်ရာအခြေခံမူ၊ လူမှုရေး ဆိုင်ရာအခြေခံမူ၊ ငွေရေးကြေးရေးဆိုင်ရာအခြေခံမူ"** တို့ကို လက်တွေ့ လုပ်ငန်းလမ်းညွှန်အဖြစ် ချမှတ်ထားသည်။

အမျိုးသားရေးဆိုင်ရာ အခြေခံမူများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် တစ်မျိုးသားလုံး ဝါဒသဘောထားမကွဲပြားဘဲ စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်နိုင်ရန် အမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်မည်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးသည် မည်သူမျှ မငြင်းဆန်နိုင်သော၊ ဝိဝါဒကွဲပြား၍ မရသော သမိုင်းကပေးအပ်သော အမျိုးသားရေးတာဝန်ဖြစ်သည်။ ထို့ကြောင့် ထိုအမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းရွက်မည်ဟူ၍လည်းကောင်း၊ တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူတွင် သွေးရင်းသားရင်း အရင်းအချာများဖြစ်ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား အချင်းချင်း ချစ်ကြည်လေးစားမှု၊ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးတမ်း၊ ရိုးရာ၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာစသည်တို့ ရှင်သန်ပြန့်ပွားရေးနှင့် တိုင်းရင်းသားအားလုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ ရှိမှသာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ထာဝစဉ်တည်တံ့ခိုင်မြဲနေမည်ဟု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ယုံကြည်သည်။ ထို့ကြောင့် တိုင်းရင်းသားဆိုင်ရာ ယုံကြည်ချက်ကို အလေးအနက်ထားပြီး ရပ်လုံးပေါ်အောင် ကြိုးပမ်းဆောင်ရွက်မည်ဟူ၍ လည်းကောင်း၊ ဘာသာရေးဆိုင်ရာ အခြေခံမူတွင် လူသားအားလုံးလိုလို မိမိတို့သက်ဝင်ယုံကြည်အားထားသည့် ဘာသာတစ်ခုခုကို ကိုးကွယ်ဆည်းကပ်ကြမြဲဖြစ်သည်။ ထို့ကြောင့် ဘာသာရေးနှင့် ပတ်သက်၍ တတ်စွမ်းသမျှ ကူညီအားပေးမည်ဟူ၍ လည်းကောင်း၊ လူမှုရေးဆိုင်ရာ အခြေခံမူတွင် ရပ်ရေးရွာရေးသည် အမျိုးသားရေး၏ လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်သည်။

## ကေတုနိလာ

ထို့ကြောင့် သာရေး၊ နာရေး၊ ရပ်ရွာလုံခြုံအေးချမ်းသာယာရေး၊ စည်းလုံးညီညွတ်ရေး၊ စားဝတ်နေထိုင်လုပ်ကိုင်မှု သက်သာချောင်ချိရေး၊ ပညာကျန်းမာ ဖွံ့ဖြိုးတိုးတက်ရေးအစရှိသည့် လူမှုရေးဆိုင်ရာ ရပ်ရေးရွာရေးဟူသမျှကို ကမကထပြု၍ဖြစ်စေ၊ ပါဝင်၍ဖြစ်စေ ဆောင်ရွက်ရမည်ဟူ၍လည်းကောင်း၊ ငွေရေးကြေးရေးဆိုင်ရာ အခြေခံမူတွင် ကိုယ့်အားကိုယ်ကိုး၊ ကိုယ့်ဝန်ကိုယ်ထမ်းခြင်းသည် သန့်ရှင်းမွန်မြတ်ပြီး ရေရှည်တည်တံ့ ခိုင်မြဲပါသည်။ ထို့ကြောင့် အသင်း၏ရန်ပုံငွေကို အသင်းသားတို့၏စုပေါင်းလုပ်အားဖြင့် ရှာဖွေသုံးစွဲမည်ဟူ၍လည်းကောင်း ချမှတ်လမ်းညွှန်ထားသည်။

ယင်းအခြေခံမူကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသည် ပြည်သူ့ဘဝနယ်ပယ်၌ လက်တွေ့ခံယူအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ယင်းတို့အနက် နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတို့ကို နှောင့်ယှက်ဖျက်ဆီး ဆန့်ကျင်နေကြသော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများနှင့် ပြည်ပနယ်ချဲ့အုပ်စု၏ စွက်ဖက်မှုတို့ကို ပြည်သူတို့နှင့်အတူ ဆန့်ကျင်ရှုတ်ချသော လူထုအစည်းအဝေးကြီးများတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ရုံမျှမက ဦးဆောင် စည်းရုံးလှုပ်ရှားခဲ့သည်။ ထိုနည်းတူ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို ကြိုဆိုထောက်ခံသော နှစ်ဆယ့်တစ်ရာစုအကြို ပုဂံလူထုအစည်းအဝေးကြီး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ထောက်ခံကြိုဆိုသော လူထုအစည်းအဝေးကြီးများနှင့် အမျိုးသားညီလာခံကို ကြိုဆိုသော လူထုအစည်းအဝေးကြီးများတွင် ပြည်သူတို့နှင့်အတူ ပါဝင်တက်ရောက်ထောက်ခံကြိုဆိုခဲ့ကြသည်။ ဤသို့အားဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အမျိုးသားရေးတာဝန်များကို ကျရာကဏ္ဍမှ ပါဝင်ထမ်းဆောင်ခဲ့၊ ထမ်းဆောင်ဆဲဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ကျေးလက်ဒေသပြည်သူတို့၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင်လည်းကောင်း၊ လမ်းဖောက်၊ တံတားဆောက်လုပ်ငန်းနှင့် ကျေးရွာရေရရှိရေးလုပ်ငန်းများတွင်လည်းကောင်း၊ ကျေးလက်ပြည်သူတို့နှင့်အတူ ပါဝင်ကူညီဆောင်ရွက်ခြင်း၊ ဦးဆောင်စည်းရုံးအကောင်အထည်ဖော်ခြင်းတို့အပြင် အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများအား ဗလာစာအုပ်များ၊ ဘောပင်များ၊ စာသင်ခုံများအပါအဝင် ကျောင်းသုံး၊ ပရိဘောဂများကို လှူဒါန်းခြင်းတို့ဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် ပြည်သူတို့နှင့်အတူ အမျိုးသားရေးတာဝန်များကို တက်ကြွစွာပါဝင်ထမ်းရွက်နေသကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူတို့၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရာ၌ စနစ်တကျ ကျွမ်းကျင်စွာထမ်းဆောင်နိုင်ရန် ပညာပေးလေ့ကျင့်ရေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချ လေ့ကျင့်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် အသင်းဝင်များအား တိုင်း၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်လိုက် အမှုဆောင်များ၊ စည်းရုံးရေးတာဝန်ခံများအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဘာသာရပ်များအပြင် နိုင်ငံတကာနည်းပညာများ၊ ခေတ်မီ ပညာရပ်များ၊ လက်တွေ့အသုံးချဘာသာရပ်များကို စာတွေ့ လက်တွေ့ ပို့ချလေ့ကျင့်သင်ကြားပေးခြင်းဖြင့် အသင်းဝင်များအား အရေအတွက်မှ အရည်အချင်းသို့ တိုးတက်ပြောင်းလဲစေခဲ့သည်။ လက်တွေ့နှင့် သဘောတရားကို သဟဇာတကျစွာ ပေါင်းစပ်အကောင်အထည်ဖော်ခြင်းဖြင့် အသင်းကြီး၏ ရည်ရွယ်ချက်များ၊ အခြေခံမူများကို ပေါက်မြောက် အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့်ပင် ၁၉၉၉ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမှုဆောင်များ၊ အဆင့်မြင့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၆)နှင့် အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ် (၂၀)သင်တန်းဆင်းပွဲ အခမ်းအနားတွင် နိုင်ငံတော် အကြီးအကဲ အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဩဝါဒစကားမိန့်ကြားရာတွင်–

**"အသင်းဝင်များကို အခြေခံအရည်အချင်းကနေ အဆင့်မြင့် အရည်အချင်းရှိလာအောင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီးက လေ့ကျင့်ပျိုးထောင်ပေးနေခြင်း ဖြစ်ကြောင်း၊ အသင်းကြီး၏ ဗဟိုအဆင့်က ဦးစီးပြီး ဖွင့်လှစ်ပို့ချနေသော အမှုဆောင်များ စီမံခန့်ခွဲရေးသင်တန်း၊ အဆင့်မြင့်စီမံခန့်ခွဲရေးသင်တန်း၊ အထူးမွမ်းမံသင်တန်း၊ နိုင်ငံတကာဆက်ဆံရေးသင်တန်း၊ အခြေခံစာရင်းကိုင်သင်တန်းများနှင့် အသင်း၏အဆင့်ဆင့်မှာ ဖွင့်လှစ်နေသောဆင့်ပွား သင်တန်း၊ ယဉ်ကျေးမှုသင်တန်း၊ ကွန်ပျူတာ ဒီပလိုမာသင်တန်း၊ ဘာသာစကားသင်တန်းများသည် လူသားအရင်းအမြစ်အတွက် အခြေခံကောင်းများကို တည်ဆောက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ သင်တန်းအသီးသီးတွင် တက်ရောက်ကြပြီးသည့် လူငယ်အင်အားစုသည် ခြောက်သန်းနီးပါးရှိနေပြီ ဖြစ်ကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ အသိအမြင်များ နက်နက်ရှိုင်းရှိုင်းသိမြင်မည့် လူသားအရင်းအမြစ်ရရှိရေးကို မောင်တို့ မယ်တို့ အသင်းကြီးက ကြိုးပမ်းထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း"**

ဟူ၍လည်းကောင်း။

**"အသင်းဝင်လူငယ်များကို လေ့ကျင့်ပျိုးထောင်ရာတွင် အဓိက အပိုင်းနှစ်ပိုင်းကို ဖွံ့ဖြိုးတိုးတက်အောင် မျှော်မှန်းဆောင်ရွက်ခဲ့ကြောင်း၊ ပထမပိုင်းသည် လူမှုရေးဆိုင်ရာ ခံယူမှုအပိုင်းဖြစ်ကြောင်း မြန်မာ့လူ့အဖွဲ့အစည်းကို မြတ်နိုးမှု၊ တစ်မျိုးသားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု ဆိုင်ရာပိုင်ဆိုင်မှုတန်ဖိုးများကို အလေးထားမှု၊ တရားဥပဒေနှင့် ရပ်ရွာစည်းကမ်းများကို လိုက်နာမှုစသည့် ခံယူမှုအပိုင်းကို ဦးတည်လေ့ကျင့်ခဲ့ကြောင်း၊ ဒုတိယအပိုင်းမှာ တာဝန်သိစိတ်ဓာတ်အတွက်ဖြစ်ကြောင်း၊ မိမိနိုင်ငံကို ချစ်မြတ်နိုးမှု၊ အမျိုးသားစရိုက်လက္ခဏာနှင့် အမျိုးသားရေးတာဝန်ကို သိရှိစေမှု၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှိမှု၊ မိမိနိုင်ငံ ကာကွယ်လိုမှု၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်ရှိမှုများကို ဦးတည်လေ့ကျင့်ခဲ့ကြောင်း"**

ဟူ၍လည်းကောင်း လမ်းညွှန်မှာကြားခဲ့သည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကြီး၏ နာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် အသင်းဝင်များအား ပညာပေးလေ့ကျင့်ရေးသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချ လေ့ကျင့်သင်ကြားလျက်ရှိရာ နိုင်ငံတော်နှင့် ပြည်သူတို့၏ အမျိုးသားရေးဆိုင်ရာ အကျိုးစီးပွားကို အမျိုးသားရေး တာဝန်အဖြစ် ဗဟိုမှခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအထိ ဖြန့်ကြက်စည်းရုံးလှုပ်ရှား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပြီးဖြစ်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် မြန်မာနိုင်ငံ၏ မျက်မှောက်သမိုင်းခေတ်တွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်လာသော အမျိုးသားရေးသမိုင်းစဉ်တရားက မွေးဖွားသန့်စင် ရှင်သန် ဖြစ်တည်လာသော အနာဂတ်၏အင်အားသစ်များအဖြစ် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်နှင့် ပြည်သူတို့၏ ဒီမိုကရေစီ လူနေမှုဘဝကို ကာကွယ်စောင့်ရှောက်မည့် အမျိုးသားရေး မျိုးဆက်သစ်အင်အားစုကြီး ဖြစ်သကဲ့သို့ ပစ္စုပ္ပန်ကာလ၏ လက်ငင်း အမျိုးသားရေးတာဝန်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးတွင်လည်း တက်ကြွစွာ ပါဝင်ကြိုးပမ်း တည်ဆောက်နေကြသူများဖြစ်သည်ဟူ၍ ၂၀၀၆ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကြီး၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကြီးအား ဂုဏ်ပြုရေးသားလိုက်ပါသည်။ ။




**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၁) စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

❒ *ကျောဖုံးမှ*

အလုပ်အမှုဆောင် ဒေါ်ကေခိုင်စိုးနှင့် တွဲဖက် အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇင်မာလင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၁)တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ်ပေါင်း ၈၀ ရှိသည့်အနက် ကိုယ်စားလှယ် အားလုံးတက်ရောက်ကြသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်သဘာပတိပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။

## ဆွေးနွေးတင်ပြ

ယင်းနောက် ကဏ္ဍအလိုက် နီးနှောဖလှယ်ပွဲတွင် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍနှင့် စပ်လျဉ်းပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျိုင်းလပ်မြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျလော၊ ဧရာဝတီတိုင်း ဇလွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးလှခိုင်၊ ကချင်ပြည်နယ် မချမ်းဘောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးရယ်ဒမ်ဝမ်ယောဆက်၊ ကယားပြည်နယ်ဘောလခဲခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဌေးလှိုင်၊ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရီရီသန်း၊ ချင်းပြည်နယ်ကန်ပက်လက်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးကီးပိုင်၊ စစ်ကိုင်းတိုင်း တန့်ဆည် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းဇော်မြင့်၊ တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ကျော်ကျော်ဦး၊ ပဲခူးတိုင်း(အနောက်) အုတ်ဖိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်ထွေး၊ ပဲခူးတိုင် (အရှေ့) ပဲခူးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်း ရေးမှူး ဦးကျော်ကျော်နိုင်၊ မကွေးတိုင်း မကွေးခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးညွန့်ဝင်း၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဝင်းဝင်းသီ၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဒေါက်တာ တိုးတိုးအောင်၊ ရခိုင်ပြည်နယ် ရသေ့တောင် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းထွန်း၊ ရန်ကုန်တိုင်း ဗိုလ်တထောင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သီတာဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုင်းကျော်ရင်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာဝေလင်းတို့က အသီးသီး ဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အကြိုနီးနှော ဖလှယ်ပွဲကို ရပ်နားလိုက်သည်။

## အစုအဖွဲ့အမှတ်(၂)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၂)၏ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ အကြိုနီးနှောပလှယ်ပွဲကို နံနက် ၉ နာရီခွဲတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ မြန်မာစာနှင့် သချာဌာန အဆောင်၌ ကျင်းပသည်။

အဆိုပါ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆန်းနှင့် ဗဟိုအလုပ်အမှုဆောင် ဦးသန်းဌေးတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိမွန်စိုးက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် မွန်ပြည်နယ် ရေးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဒေါ်နုနုမွန်က လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၂)တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်မှ ကိုယ်စားလှယ်ပေါင်း ၇၉ ဦးရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် အကြိုနီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက် အရအကြိုနီးနှောဖလှယ်ပွဲ စတင်ကျင်းပ ကြောင်း ကြေညာသည်။

## အမှာစကားပြောကြား

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က အဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ သဘာပတိအဖွဲ့ဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်ဆန်း က အစုအဖွဲ့အမှတ်(၂)၏ အကြိုနီးနှော ဖလှယ်ပွဲတွင် ပညာရေးရာနှင့် လူမှုရေး နှင့် ယဉ်ကျေးမှုရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ကချင်ပြည်နယ် မန်စီမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်း အလုပ်အမှုဆောင်ဒေါ်စန်းပပ၊ ကယားပြည်နယ် ဒီမောဆိုမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်ဦးစောတာတော၊ ကရင်ပြည်နယ် သံတောင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောရောဘတ်ထူး၊ ချင်းပြည်နယ် ထန်တလန်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဇာတလိန်း၊ စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဖေသန်းတို့က ဆွေးနွေးတင်ပြကြပြီး အကြို နီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် အကြိုနီးနှောဖလှယ်ပွဲကို မွန်းလွဲ၁၂နာရီခွဲတွင် ပြန်လည်ကျင်းပရာ ပညာရေးရာနှင့်လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ ကဏ္ဍနှင့် စပ်လျဉ်း၍ ပဲခူးတိုင်း (အနောက် )ရွှေတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ဦးထွန်းထွန်း ဦး၊ ပဲခူးတိုင်း(အရှေ့)တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်စိုး၊ မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးဝင်းမြင့် မောင်၊ မန္တလေးတိုင်း ငါးဇွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးမြတ်သူ၊ မွန်ပြည်နယ် သထုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ် အမှုဆောင် ဦးဇော်မြင့်၊ ရခိုင်ပြည်နယ် မောင်တောခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်မြစောမွန်၊ ရန်ကုန်တိုင်း မြောက် ဥက္ကလာပမြို့နယ် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှု ဆောင် ဒေါ်သက်မာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးခွန်သိန်းမောင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ပြည် ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အရန် အလုပ်အမှုဆောင် ဒေါ်နန်းရွှေ ကြည်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဦးစိုင်းဝန်းဆမ်နှင့် ဧရာဝတီ တိုင်း မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်အတာဦးတို့က ဆွေးနွေး တင်ပြကြသည်။

ထို့နောက်သဘာပတိပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးတင်ထွတ်က နိဂုံးချုပ် အမှာ စကား ပြောကြားပြီး အကြိုနီးနှော ဖလှယ်ပွဲကို ရပ်နားလိုက်သည်။

## အစုအဖွဲ့အမှတ်(၃)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုး ရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၃) စီးပွားရေးရာကဏ္ဍ အကြို နီးနှောဖလှယ်ပွဲကို နံနက်၁၀နာရီတွင် မွေးမြူရေးဆိုင်ရာဆေး တက္ကသိုလ်ရှိ ကွန်ပျူတာဌာနစာသင်ဆောင်၌ ကျင်း ပရာ သဘာပတိအဖြစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးအောင်သောင်းကဆောင်ရွက် ၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဗဟို အလုပ်အမှု ဆောင်များဖြစ်ကြသော ဦးမောင်မောင်သိမ်းနှင့် ဦးတင်နိုင်သိန်း တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် ကယားပြည်နယ် ဖားဆောင်း မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းရီရီထွေးနှင့်တွဲဖက်အခမ်းအနား မှူးအဖြစ် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်နန်းဟွမ်ခမ်းတို့က ဆောင် ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစု အဖွဲ့အမှတ်(၃)တွင် တက်ရောက်ခွင့်ရှိ သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်မှ ကိုယ်စား လှယ်ပေါင်း၇၈ဦးရှိသည်အနက် ကိုယ် စားလှယ်အားလုံး တက်ရောက်သည့် အတွက် အကြိုနီးနှောဖလှယ်ပွဲ အထ မြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့် ပြုချက်အရ အကြို နီးနှောဖလှယ်ပွဲကို စတင်ကျင်းပ ကြောင်းကြေညာသည်။

ထို့နောက်သဘာပတိပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူး ဦးအောင်သောင်းက အကြို နီးနှောဖလှယ်ပွဲနှင့် စပ်လျဉ်း၍ အမှာ စကားပြောကြားသည်။

ဆက်လက်၍ သဘာပတိအဖွဲ့ဝင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဗဟိုအလုပ်အမှုဆောင် ဦးမောင် မောင်သိမ်းက ဖြည့်စွက်ရှင်းလင်း ပြော ကြားသည်။

## စီးပွားရေးရာကဏ္ဍ

ယင်းနောက် ကဏ္ဍအလိုက် နီးနှော ဖလှယ်ပွဲတွင် စီးပွားရေးရာကဏ္ဍနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေ၊ ဧရာဝတီတိုင်း ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးလှ ဝင်းဗို၊ ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နော် ခမ်းမိုင်၊ ကယားပြည်နယ် လွိုင်ကော် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးလင်းမြတ်ဦး၊ ကရင်ပြည်နယ် သံတောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှု ဆောင် ဒေါ်ဗွေဗဆော်ဖော၊ ချင်းပြည် နယ် ပလက်ဝမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူးဦးထွန်းဝေ၊စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်သန်း၊ တနင်္သာရီတိုင်း

*စာမျက်နှာ ၅ ကော်လံ ၁*




**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၂) ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ အကြိုနီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





## အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ၏ အစုအဖွဲ့ အမှတ်(၅) စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးအောင်မင်း အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

အမှုဆောင်များဖြစ်ကြသော ဦးအုန်းမြင့်နှင့် ဦးအောင်သိန်းလင်းတို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အနောက်) သဲကုန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ဥမ္မာမိုမိုဇော်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရခိုင်ပြည်နယ်မြောက်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အရန်အလုပ်အမှုဆောင် ဒေါ်နှင်းနှင်းကျော်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၆)တွင် တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့် ကိုယ်စားလှယ်ပေါင်း ၈၀ရှိသည့်အနက် အားလုံးတက်ရောက်ကြသည့်အတွက် အကြိုနှီးနှောဖလှယ်ပွဲအထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အကြိုနှီးနှောဖလှယ်ပွဲစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက်သဘာပတိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ကဏ္ဍအလိုက်နှီးနှောဖလှယ်ပွဲတွင် ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍနှင့် စပ်လျဉ်းပြီး ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအလေးပါး၊ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေ၊ ကရင်ပြည်နယ် ဘားအံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသန်းမျိုးနိုင်၊ ချင်းပြည်နယ် ဟားခါးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတေဇာလင်း၊ စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ချိုချို၊ တနင်္သာရီတိုင်း ပုလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဦးအောင်နေဇာလင်း၊ပဲခူးတိုင်း(အနောက်) နတ္တလင်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင့်လွင်၊ ပဲခူးတိုင်း(အရှေ့) ကျောက်တံခါးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကိုကိုလတ်၊ မကွေးတိုင်း ပေါက်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမိုးကိုကို၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးကျော်ညွန့်၊ မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူးဦးလှထွန်း၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးစန်းနိုင်၊ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးမင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးပြည့်ဝန်းဇာနည်၊ ရှမ်းပြည် နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးအုန်းငွေ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးစိုင်းအုန်းခင်နှင့် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးအောင်ကျော်စိန်တို့က ဆွေးနွေးတင်ပြကြသည်။

### အမှာစကား

ထို့နောက်သဘာပတိပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အကြိုနှီးနှောဖလှယ်ပွဲကို ရပ်နားလိုက်သည်။

**(သတင်းစဉ်)**





**ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၆)ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍ အကြိုနှီးနှောဖလှယ်ပွဲတွင် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

● *ကျောဖုံးမှ*

### ကြိုဆိုနှုတ်ဆက်

မစ္စတာ အီဘရာဟင်၊ အေ၊ဂမ်ဘာရီအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

### လိုက်ပါလာ

မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အတူ ကုလသမဂ္ဂ အာရှရေးရာဌာန ညွှန်ကြားရေးမှူး Mr. John Renningerနှင့် အရာရှိ Mr. Erwan Pouchousတို့ လိုက်ပါလာကြသည်။

**(သတင်းစဉ်)**

## နေအသွင် လပမာ

ပြန်လည်တွေးစစ်၊ ယနေ့ခေတ်ထိ  
မျိုးချစ်စိတ်ထား၊ ပြည်တွင်းအားကြောင့်  
ဝင့်ကြွားတင့်တယ်၊ ကမ္ဘာ့လယ်တွင်  
ခံ့ထည်နေသည့်၊ မြန်မာပြည်။  
စဉ်လာမညှိုး၊ တိုင်းပြည်ကျိုးတွက်  
မျိုးဆက်မပြတ်၊ ကြားမလပ်အောင်  
စိတ်ဓာတ်ခိုင်တည်၊ စုစည်းညီသည့်  
ပြည်ခိုင်ဖြိုးသင်းပေါ်ခဲ့ပြီ။  
ပြည်နယ်ပြည်မ၊ ငြိမ်းချမ်းကြလျက်  
မြို့ပြကျေးရွာ၊ ဖွံ့ဖြိုးလာအောင်  
ပါဝင်ကူညီ၊ စွမ်းဆောင်ရည်ကြောင့်  
ပြည်သူ့ရင်မှာ၊ ဖြန့်ကြက်ဖြာသည်  
ပမာနေခြည်နွေးတော့သည်။  
ရပ်ရေးရွာရေး၊ လုံခြုံရေးနှင့်  
လူရေးလူမှု၊ အစုစုတွင်  
ရှေးရှုပါဝင်၊ စွမ်းအားရှင်ကြောင့်  
ပြည်ခွင်အေးချမ်း၊ လရောင်ဖျန်းသို့  
လန်းဆန်းရင်မှာအေးတော့သည်။  
စိတ်ဓာတ်စည်းကမ်း၊ ကြံ့ခိုင်စွမ်းဖြင့်  
တင့်ဆန်းထုံမြဲ၊ စည်းလုံးကြလျက်  
လနှယ်ငြိမ်းအေး၊ နေခြည်နွေးသို့  
ပြည်ရေးအတွက်၊ အဘက်ဘက်က  
ထက်သန်ဖြည့်ဆည်း၊ အသင်းကြီးမို့  
စီးဝင်နှလုံး၊ ပီတိဖုံး၍  
ရွှင်ပြုံးဂုဏ်ပြုလျက်တကား။ ။  
(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ဂုဏ်ပြုလျက်–)

**သီယု**

## ဂိုးလ်ဒင်းပါဝါ တစ်ဦးတည်းကိုယ်စားလှယ်မိတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၉**

အာရပ်စော်ဘွားများ ပြည်ထောင်စု နက်ဒဟမ်းအယ်လ်ဂျာနာ ဟီထရေးဒင်း အယ်အယ်လ်စီမှ ထုတ်လုပ်သော ဂိုးလ်ဒင်းပါဝါ တံဆိပ် အင်ဂျင်ဝိုင်စက်ဆီ၊ ချောဆီများကို မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ဖြန့်ချိနိုင်ရန်အတွက် ဘဂျမ်းနှင့် ညီအစ်ကိုများ ကုမ္ပဏီလီမိတက်အားတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ခန့်အပ်သည့်အခမ်းအနားနှင့် ဂိုးလ်ဒင်းပါဝါအင်ဂျင်ဝိုင်၏ ပထမအကြိမ်မြောက် မိတ်ဆက်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၄ ရက်က မော်လမြိုင်မြို့ ကမ်းနားလမ်း ငွေမိုးဟိုတယ်၌ ကျင်းပရာ အရောင်းကိုယ်စားလှယ် ၁၅၀ တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးအေးဝင်း(ခ) ဦးဘဂျမ်း **(အောက်ပုံ)** က အမှာစကား ပြောကြားပြီး ကုန်ပစ္စည်းအသစ်များကို မိတ်ဆက်ပေးသည်။အဆိုပါကုန်ပစ္စည်းများကို ရန်ကုန်မြို့ ဘုရင့်နောင်ဈေးရုံ အမှတ်(၃၄) ဆိုင်ခန်း(၁) ဖုန်း–၀၁–၆၈၂၈၇၃ နှင့် ၅၄၆၃၃၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဟောပြောပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းနှင့် စက်မှုဆေးဝါးလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စီးပွားရေးပညာရှင် စာရေးဆရာ ခင်မောင်ညို (ဘောဂဗေဒ)က Team Building ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



နိုဝင်ဘာ ၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Colonel, Ngi Vanndim ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# (၈၆) နှစ်မြောက် အမျိုးသားနေ့

၁၃၆၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၄–၁၁–၂၀၀၆)

## (၈၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
- ☆ အမျိုးသားပညာရည်မြင့်မားရေး၊
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

## ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် နိုဝင်ဘာ ၉

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် နိုဝင်ဘာ ၁၁ ရက်တွင် မန္တလေးမြို့ စိန်ပန်းရပ်ကွက် သဗြူးဓမ္မာရုံ၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် စစ်ကိုင်းမြို့ ဧမြဝတီရပ်ကွက် ရှင်ဥပဂုတ္တပူဇော်ပွဲ၊ ၁၅ ရက်ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကလေးမြို့နယ် သပြေကုန်းရပ်ကွက် ဆည်းဆာပွဲ၊ ည ၈ နာရီတွင် စမ်းချောင်းမြို့နယ် ဝါးခယ်မလမ်း သဟာယဆွမ်းလောင်းအသင်း၊ ၁၆ ရက်တွင် တာမွေ ကျောက်မြောင်း ဩဘာလမ်း အထူးပွဲ၊ ၁၇ ရက်တွင် လမ်းမတော်မြို့နယ် ၇ လမ်း ရွှေရတုကထိန်ပွဲ၊ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကင်းမြို့နယ် ၆ ရပ်ကွက် ဓမ္မာရုံ အထူးပွဲတို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး တရားပွဲရက် ရရှိပြီးသူများသည် ဆရာတော် ဖုန်း–၀၉၅–၃၃၀၈၉၅၊ ၀၇၂–၂၂၁၇၀၊ ၀၁–၇၀၈၄၀၃ တို့သို့ ကြိုတင် ဆက်သွယ်နိုင်ကြကြောင်း သိရသည်။

(က–ပ)

## The Live News ဂျာနယ် အမှတ်(၁၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၉

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၀)ကို ယနေ့ ထုတ်ဝေ ဖြန့်ချိလိုက်သည်။ တက်ရောက်လိုသူများလာသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာ့မီးရထား အချိန်စာရင်းအသစ်များ၊ ဘမျိုးဘိုးတူ ဝန်ကြီးချုပ်ဖြစ်လာသူ ရှင်ဇိုအာဘေး၊ တရုတ်နိုင်ငံ၏ ဒေါ်လာကုဋေ ၁၉၀ တန် အာဖရိကခြေလှမ်း၊ ကန့်လန့်ကာနောက်ကွယ်မှ ကမ္ဘာ့စီးပွားရေးအန္တရာယ်၊ သေဒဏ်စီရင်ချက်ချခံရတဲ့ ဆက်ဒမ်ဟူစိန်၊ သာဂဒိုး၏ အရောဂါပိစပ်နဲ့ ပျောက်တာအတွေ့၊ ဒေါက်တာမတင်ဝင်း၏ နဝမမြောက် ချက္ကရီဘုရင်မင်းမြတ်နှင့် မိဖုရားအကြောင်း၊ ကိုကိုလှိုင်၏ အမေရိကန်မှ တစ်ပါတီစနစ်ကို ပြောင်းလဲပစ်ဖွယ်ရှိသည့် သက်တမ်းဝက် လွှတ်တော်ရွေးကောက်ပွဲ၊ စိုးမြင့်ငြိမ်း၏ ပြိုင်ကားမောင်း ခုနစ်ထပ်ကွမ်း ကမ္ဘာ့ချန်ပီယံ၊ စသည့် သတင်း၊ ဆောင်းပါး၊ အနုပညာ ကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

### ဆက်သွယ်နိုင်

The Live News ဂျာနယ်နှင့် ဆက်သွယ်လိုသူများ အမြို့မြို့ အနယ်နယ်မှ စာမူပေးပို့လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

## ဂုဏဝိသိဋ္ဌမင်္ဂလာသဘင် ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၉

နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်ခြင်းခံရသည့် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် မုခ်ဦးရှေ့ စံပြသာသနာပြုကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တကောသလ္လမထေရ်အား ချီးကျူးပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များအနေဖြင့် ကုသိုလ်ယူပူဇော်နိုင်ကြောင်းနှင့် ဖုန်း–၆၆၃၀၉၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သိရှိရသည်။ (သတင်းစဉ်)



နိုဝင်ဘာ ၉ ရက်က ကမ္ဘောဒီးယားနိုင်ငံ၏ (၅၃)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

## ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စက်ရေတွင်းများ လှူဒါန်းနိုင်

ရန်ကုန် နိုဝင်ဘာ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့် တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများ၌ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် ၂ လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ ၂ လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ ၄ လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်းလှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း–၀၆၇–၄၀၉၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (အင်ဂျင်နီယာ) ဖုန်း–၀၁–၂၉၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ) ဖုန်း–၀၆၇–၄၀၉၄၀၇၊ ညွှန်ကြားရေးမှူး (စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၇၁–၂၂၇၆၀၊ ညွှန်ကြားရေးမှူး (မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၆၃–၂၃၁၆၄၊ ညွှန်ကြားရေးမှူး (မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့) ဖုန်း–၀၂–၅၄၆၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)



GENERIC ကွန်ပျူတာ ဆက်စပ်အပိုပစ္စည်းများ အရောင်းဆိုင်နှင့် အင်တာနက်ကဖေးဆိုင် ဖွင့်ပွဲတွင် ဦးထွန်းထွန်းဦးနှင့် ဒေါ်စုနှင်းထွေးတို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

## ကွန်ပျူတာဆက်စပ်ပစ္စည်းများ အရောင်းဆိုင်နှင့် အင်တာနက်ကဖေး ဖွင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၉

GENERIC Technology Solutions Provider ကွန်ပျူတာဆက်စပ်အပိုပစ္စည်းများအရောင်းဆိုင်နှင့် အင်တာနက်ကဖေးဆိုင်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဆိုင်တည်ရှိရာ ရန်ကုန်မြို့ တာမွေမြို့နယ် အမှတ်(၂၂၃) ကျိုက္ကဆံလမ်း (ကျောက်မြောင်းဈေးအနီး)တွင် ဖွင့်လှစ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဦးထွန်းထွန်းဦးနှင့် ဒေါ်စုနှင်းထွေးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ အဆိုပါ GENERIC တွင် မြန်နှုန်းမြင့် ADSL လိုင်းတပ်ဆင်ထား၍ အချိန်ကြာမြင့်စွာမလိုဘဲ ချောမွေ့စွာအသုံးပြုနိုင်ရန် စီစဉ်ထားခြင်း၊ ကွန်ပျူတာသင်တန်းများကိုလည်း MCSE, CCNA, MCSD, MCDBA လက်မှတ်ရ ဆရာများကိုယ်တိုင် သင်ကြားပေးခြင်း၊ Video Conferencing နည်းပညာကို အသုံးပြုထားခြင်းကြောင့် နိုင်ငံတကာရောက် မိမိ၏မိတ်ဆွေများနှင့်ဆွေမျိုးသားချင်းများကို မျက်နှာချင်းဆိုင် စကားပြောသကဲ့သို့ ပြောဆိုနိုင်ခြင်း၊ ကွန်ပျူတာဆက်စပ် အပိုပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာ ရောင်းချခြင်းနှင့် ကွန်ပျူတာတစ်လုံးဝယ်ပါက အိမ်အရောက်တပ်ဆင်ပေးခြင်း စသော ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဖုန်း–၅၄၅၄၂၀ နှင့် ၄၄၁၂၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# မိမိတို့၏ကံကြမ္မာကို ပြည်ပစွက်ဖက်မှုကင်းကင်းဖြင့် မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်ရရေး ပြင်းပြင်းထန်ထန်ကြိုးပမ်းနေ

■ **ရှေ့ဖုံးမှ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဲဝါက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ အသင်းဝင် ဒေါ်နန်းမေသဲဆုညိမ်းက ဆောင်ရွက်သည်။

**သီဆိုဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ မူပိုင်တေးသီချင်းဖြစ်သည့် “ပြည်မြန်မာ” သီချင်းနှင့် “ရာသက်ပန်ပြည်ထောင်စု”သီချင်းတို့ကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များဖြစ်ကြသော နေပြည်တော်ရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက သံပြိုင်သီဆို၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြား ရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ (၁၃)နှစ်တာကာလ အတွင်း ယခုကဲ့သို့ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများ နှစ်စဉ် ပြုလုပ်ပြီး အသင်းဝင်အချင်းချင်းအကြား အတွေ့အကြုံချင်း ဖလှယ်ကြ၊ အပြန် အလှန် တိုင်ပင်ဆွေးနွေးကြ၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ကြ စသည်ဖြင့် အသင်း ကြီး၏ တိုးတက်ရာတိုးတက်ကြောင်းများကို အင်တိုက်အားတိုက် လုပ်ကိုင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ အတော်လည်း အသင်းအတွေ့အကြုံများ၊ သင်ခန်းစာများရရှိနေပြီလည်း ဖြစ်ကြောင်း။

**ကိုယ်စားပြုပါဝင်**

အသင်းကြီး၏ စီမံရေး၊ စည်းရုံးရေး၊ စီးပွားရေး၊ လေ့ကျင့်ရေးလုပ်ငန်း များကို တစ်နှစ်ပြီးတစ်နှစ် အသားကျအောင် ဆောင်ရွက်လာနိုင်သည်နှင့်အမျှ အသင်းဝင်အင်အားသည် သိသိသာသာ တိုးတက်များပြားလာသည့်အပြင် အသင်းဝင်များသည် အလွှာပေါင်းစုံ၊ နယ်ပယ်စုံ၊ အရွယ်စုံကို ကိုယ်စားပြု ပါဝင်လာနေကြောင်းကို စိစစ်တွေ့ရှိရကြောင်း၊ အသင်းဝင်အရေအတွက် များပြားလာခြင်းသည် အသင်း၏ စည်းရုံးရေးအင်အား တောင့်တင်းလာသည်ဟု သုံးသပ်ရယူနိုင်သကဲ့သို့ အသင်းဝင်များ၏ ခံယူချက်နှင့် အရည်အသွေးကို မြှင့်တင်ရဦးမည့် လုပ်ငန်းပမာဏကိုလည်း တစ်ပြိုင်တည်းပြဆိုလျက်ရှိသည်ဟု ဆိုရမည်ဖြစ်ကြောင်း။

အရေအတွက်များပြားလှသည့် အသင်းဝင်များ၏ စိတ်ဓာတ်နှင့် အရည် အချင်း တိုးတက်မြင့်မားလာစေရေးအတွက် လေ့ကျင့်ပျိုးထောင်မှု သင်တန်းများ၊ ဆွေးနွေးပွဲများကိုလည်း လက်ရှိ လုပ်ကိုင်ပေးနေသည့်အတိုင်း ဆက်တိုက် ဆက်လက်လုပ်ပေးသွားရဦးမည်ဖြစ်ကြောင်း။

**မလွဲမသွေလိုအပ်**

သင်တန်းများ၊ ဆွေးနွေးပွဲများမှရရှိသည့် အသိအမြင်များ၊ လေ့လာရရှိမှု များနှင့် အတွေ့အကြုံများကို အခြေခံပြီး လက်တွေ့လုပ်ငန်းနယ်ပယ်များတွင် လှုပ်ရှားစည်းရုံးဖော်ဆောင်တတ်စေရန်၊ သဘောတရားနှင့် လက်တွေ့ပေါင်းစပ် တတ်စေရန် အသင်း၏ ဖွဲ့စည်းမှုအဆင့်ဆင့်တွင် သင့်တော်သည့် တာဝန်များကို အသင်းဝင်များအား စနစ်တကျ ဆက်လက်ထမ်းဆောင်ရေးသည် မလွဲမသွေ လိုအပ်ခြင်းဖြစ်ကြောင်း။

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) အကြိုညှိနှိုင်းအစည်းအဝေး တွင် သဘာပတိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် သဘာပတိအဖွဲ့ဝင် များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင်များဖြစ်ကြသည့် ဦးစိုးသာ နှင့် ဦးသိန်းအောင်တို့ ဆောင်ရွက် ကြစဉ်။**

(သတင်းစဉ်)




အသင်းဝင်များကို စုစည်းရာတွင် ယုံကြည်ချက်၊ ခံယူချက် စသည့် သဘောတရားအယူအဆနှင့်အရည်အသွေးများအရသာမက အသင်း၏ လက်တွေ့ လုပ်ငန်းများတွင် တာဝန်သိသိ ပါဝင်လှုပ်ရှားခြင်းဆိုသည့် လှုပ်ရှားမှုအပိုင်းနှင့်ပါ စုစည်းထားရန် လိုအပ်ခြင်းဖြစ်ကြောင်း၊ အသင်းဝင်တစ်ဦးချင်း၏ လှုပ်ရှားမှုဖြင့် အသင်းကြီး၏ လှုပ်ရှားမှုသည် အမြဲဆက်စပ်နေရမည်ဖြစ်ကြောင်း၊ ခြုံလိုက် ပါက အသင်းဝင်များကို လေ့ကျင့်ပျိုးထောင်မှုများနှင့်သာမက လက်တွေ့ စည်းရုံးရေးဆိုင်ရာ တာဝန်ပေးမှုများနှင့်ပါ ဒွန်တွဲပြီး ရင့်ကျက်သည့် အသင်းဝင် နိုင်ငံသားကောင်းများအဖြစ် လေ့ကျင့်ပျိုးထောင်သွားကြရန် အရေးကြီးကြောင်း။

အသင်း၏ အခြေခံအင်အားသည် အသင်းဝင်များဖြစ်သည့်အတွက် အသင်းဝင်တစ်ဦးချင်း၏ တာဝန်ခံမှု၊ ထိုးထွင်းကြံဆမှုနှင့် လှုပ်ရှားမှု အပေါ်တွင် အသင်း၏ လုပ်ငန်းစွမ်းဆောင်ရည်သည် တည်မှီလျက်ရှိနေခြင်း ဖြစ်ကြောင်း။

**အဓိကအသက်သွေးကြော**

အသင်း၏ လက်တွေ့စည်းရုံးလှုပ်ရှားမှုများကို ခြုံငုံသုံးသပ်လိုက်မည် ဆိုပါက အသင်း၌ တစ်ဦးချင်းတာဝန်ယူမှုနှင့် စုပေါင်းတာဝန်ယူမှု၊ တစ်ဦးချင်း၏ လွတ်လပ်စွာ တီထွင်ကြံဆမှုနှင့် အဖွဲ့အစည်း၏ ထိန်းကျောင်းမှု၊ အဆင့်ဆင့် သော ခေါင်းဆောင်တစ်ဦးချင်း၏ ဦးဆောင်ဦးရွက်ပြုနိုင်မှုနှင့် အသင်းဝင်များ၏ တလေးတစား ညီညွတ်စွာနာခံလိုက်နာမှု၊ အထက်အဖွဲ့အစည်းများ၏ ကြီးကြပ် ထိန်းကိုင်မှုနှင့် အောက်အဆင့် အဖွဲ့အစည်းများ၏ တာဝန်ခံမှုတို့ကို သဟဇာတ ကျကျ ပုံဖော်သွားနိုင်ရေးသည် အသင်း၏ အဓိက အသက်သွေးကြောပင် ဖြစ်ကြောင်းကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ယင်းတို့သည် အသင်းကြီး ရေရှည်ခိုင်မာစွာ ရပ်တည်ရေးအတွက် သဘာဝကျသည့် အလေ့အထကောင်း၊ ကျင့်စဉ်ကောင်းများဖြစ်သည့်အတွက် အသင်းဝင်အားလုံးက အလေးထား လိုက်နာကျင့်ကြံသွားကြရမည်ဖြစ်ကြောင်း။

**အသွင်ကူးပြောင်းရေး**

**ယနေ့ တိုင်းပြည်တွင် တည်ငြိမ်အေးချမ်းရေး၊ အမျိုးသား စီးပွားခိုင်မာ တောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဦးတည် ရည်မှန်းပြီး နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ဖြစ်၍ နိုင်ငံရေးတည်ငြိမ်မှုအခြေအနေကောင်း၊ အမျိုးသား စည်းလုံးညီညွတ်မှုအခြေခံကောင်း၊ စီးပွားရေးအခြေခံကောင်း၊ လူမှုရေးအခြေခံ ကောင်းများ ရာနှုန်းပြည့်နီးပါး တည်ရှိနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သည် ဤအခြေခံကောင်းများအပေါ်၌ အားယူပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် အစီအစဉ်ကျနသည့် နိုင်ငံရေး လုပ်ငန်းအစီအစဉ်ကို ချမှတ်အကောင်အထည်ဖော်နေပြီဖြစ်ကြောင်း။**

နိုင်ငံရေးလုပ်ငန်းအစီအစဉ်ဖြစ်သည့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ရင်း နိုင်ငံတော်ကို အဆင့်မှန်မှန်ဖြင့် ညင်သာသိမ်မွေ့စွာ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းသွားရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သည် ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ဦးတည်ချက်များနှင့်အညီ နိုင်ငံတော်ကို ဘက်စုံ ကဏ္ဍစုံမှနေပြီး ပြုပြင်ပြောင်းလဲ တည်ဆောက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိနေ ခြင်းဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲတည်ဆောက်မှုများ၏ အောင်မြင်မှုရလဒ်များကို ကဏ္ဍတိုင်း၊ နယ်မြေဒေသတိုင်းတွင် တွေ့မြင်နေရပြီလည်းဖြစ်ကြောင်း။

**သိပ်သည်းကျစ်လျစ်**

ယနေ့ဆိုလျှင် အုပ်ချုပ်မှုကောင်းရေး၊ အုပ်ချုပ်မှု ခိုင်မာသွက်လက် ထက်မြက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ လစာကို သိသိသာသာတိုးမြှင့် ခွင့်ပြုခဲ့သကဲ့သို့ နိုင်ငံတော် ဝန်ထမ်းအဖွဲ့အစည်းများ၏ ဖွဲ့စည်းမှုနှင့် လုပ်ငန်း တာဝန်များကို ပြန်လည်သုံးသပ်ပြီး သိပ်သည်းကျစ်လျစ်အောင် ပြင်ဆင်သင့် သည်ကို ပြင်ဆင်ခြင်း၊ ဖျက်သိမ်းသင့်သည့် အဖွဲ့အစည်းကို ဖျက်သိမ်းခြင်း တို့ကို လိုအပ်သကဲ့သို့ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ကြီး၏ အကျိုးစီးပွား၊ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုး စီးပွားကို ကျယ်ကျယ်ပြန့်ပြန့် သွက်သွက်လက်လက်၊ ထိထိရောက်ရောက် စနစ်တကျထမ်းဆောင်နိုင်သည့် အစိုးရယန္တရားဖြစ်စေရေး၊ သန့်ရှင်းစင်ကြယ် သည့်၊ ပြည်သူ လေးစားအားကိုးသည့် အစိုးရယန္တရားဖြစ်စေရေးတို့ကို မျက်ခြည် မပြတ် ဦးတည်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့ကြောင့် ၂၀၀၅ ခုနှစ် နှင့် ၂၀၀၆ ခုနှစ်အတွင်းတွင် လာဘ်ပေးလာဘ်ယူမှုကြောင့် ဝန်ထမ်း ၁၂၄၇ ဦးကို တရားဥပဒေနှင့်အညီ အရေးယူခဲ့ခြင်းများလည်း ပြုလုပ်ခဲ့ရကြောင်း။

**လက်တွေ့ကျကျထူထောင်**

**ခေတ်သစ် စနစ်သစ်အတွက် မျှော်မှန်းချက်ကြီးကြီးထားပြီး ယခုကဲ့သို့ အုပ်ချုပ်ရေးအပိုင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည့်အခါတွင် ပြည်သူ့ ဝန်ထမ်းများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူကို ကျောသားရင်သားမခွဲခြားဘဲ စောင့်ရှောက်ကူညီ၊ ပြည်သူများအပိုင်းကလည်း အုပ်ချုပ်ရေး၏ တန်ဖိုးနှင့် အနှစ်သာရကို တွေးမြင်နားလည်ပြီး ပြည်သူ့ဝန်ထမ်း များကို ပြန်လည်စောင့်ရှောက်ကူညီ၊ ထိုကဲ့သို့ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်း အပြန်အလှန်ကူညီစောင့်ရှောက်၊ အပြန်အလှန်ထိန်းကျောင်းခြင်းနှင့်ပင် အုပ်ချုပ် ရေးနှင့် ပြည်သူ တစ်သားတည်းဆက်စပ်သွားသည့် စည်းကမ်းရှိသော၊ စစ်မှန် သော ဒီမိုကရေစီ လူနေမှုဘဝမျိုးကို လက်တွေ့ကျကျ ထူထောင်သွားနိုင်မည် ဖြစ်ကြောင်း။**

အသင်းဝင်များသည် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ကျိုးဆောင် လုပ်ငန်းများကို ထိထိရောက်ရောက်၊ ဟန်ချက်ညီညီ စည်းရုံးရေးအင်အားဖြင့် ပူးပေါင်းပါဝင် အထောက်အကူပြုခဲ့ကြခြင်းဖြစ်ကြောင်း၊ ခေတ်စနစ်ပြောင်းလဲ တည်ဆောက် အကောင်အထည်ဖော်နေချိန်တွင် အမျိုးသားအင်အားစုများ၏ အင်အားကို အမျိုးသားအလံတော်တစ်ခုတည်းအောက်တွင် စုစည်းပြီး နိုင်ငံတော် တည်ဆောက်ရေးနှင့် နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများတွင် တက်တက်ကြွကြွ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ရှင်းလင်းဆွေးနွေး စည်းရုံး ရေးသည် တိုင်းပြည်၏ ဖြစ်ပေါ်နေသည့် ပကတိအခြေအနေအရ အမှန်လိုအပ် ချက် သမိုင်းရေးလိုအပ်ချက်ဖြစ်ကြောင်း။

**ခေတ်သစ် စနစ်သစ်အတွက် မျှော်မှန်းချက်ကြီးကြီးထားပြီး ယခုကဲ့သို့ အုပ်ချုပ်ရေးအပိုင်း ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်သည့်အခါတွင် ပြည်သူ့ ဝန်ထမ်းများကလည်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်သူကို ကျောသား ရင်သားမခွဲခြားဘဲ စောင့်ရှောက်ကူညီ၊ ပြည်သူများအပိုင်းကလည်း အုပ်ချုပ်ရေး၏ တန်ဖိုးနှင့်အနှစ်သာရကို တွေးမြင်နားလည်ပြီး ပြည်သူ့ဝန်ထမ်းများကို ပြန်လည် စောင့်ရှောက်ကူညီ၊ ထိုကဲ့သို့ ပြည်သူနှင့် ပြည်သူ့ဝန်ထမ်း အပြန်အလှန်ကူညီ စောင့်ရှောက်၊ အပြန်အလှန်ထိန်းကျောင်းခြင်းနှင့်ပင် အုပ်ချုပ်ရေးနှင့် ပြည်သူ တစ်သားတည်းဆက်စပ်သွားသည့် စည်းကမ်းရှိသော၊ စစ်မှန်သောဒီမိုကရေစီ လူနေမှု ဘဝမျိုးကို လက်တွေ့ကျကျထူထောင်သွားနိုင်မည်။**

## အလေးအနက်တန်ဖိုးထား

ဤသမိုင်းရေးလိုအပ်ချက်ကို ဖြည့်ဆည်း ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ဖွဲ့စည်းထူထောင်ခဲ့သည်မှာ ယခုဆိုလျှင် ဆယ်စုနှစ်ကျော်ခဲ့ပြီးဖြစ်ကြောင်း၊ အသင်းဝင်များသည် မိမိတို့၏ လွတ်လပ်သည့် ကိုယ်ပိုင်စိတ်ဆန္ဒအလျောက် ပါဝင်ထားသည့် မိမိတို့အသင်းကြီး၏ အခန်းကဏ္ဍကို မှန်မှန်ကန်ကန် အလေးအနက်တန်ဖိုးထားတတ်ကြရမည်ဖြစ်ကြောင်း။

အသင်းကြီး၏ မွန်မြတ်သည့်ရည်ရွယ်ချက်များ၊ သဘောထားအမြင်များ၊ ဖွဲ့စည်းတည်ဆောက်မှုအပိုင်းများ၊ နိုင်ငံတော်၏ သမိုင်းရေးရာပြောင်းလဲဖြစ်ပေါ်မှုအခြေအနေ၊ ဆက်စပ်ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံတကာအခြေအနေများကို မှန်မှန်ကန်ကန် ဆက်စပ်ရှုမြင်သုံးသပ်နိုင်ကလည်း အသင်းကြီး၏ သမိုင်းရေးလိုအပ်ချက်ကို ပိုမိုရှင်းလင်းကြည်လင်စွာ နားလည်ခံယူနိုင်မည်ဖြစ်ကြောင်း၊ အသင်းကြီး၏ ရှေ့ဆက်ဆောင်ရွက်ရမည့် တာဝန်များကိုလည်း ပိုမိုနားလည်သဘောပေါက်ကြမည်ဖြစ်ကြောင်း။

## ဒီမိုကရေစီလူနေမှုပုံစံ

**ယနေ့ တိုင်းပြည်၏ အနေအထားသည် ကိုယ်ပိုင်အမျိုးသားစွမ်းအားအပေါ် အားကိုးအခြေပြုသည့် အမျိုးသားရေးအင်အားစုများအနေဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းရေးအခြေအနေ၊ ယဉ်ကျေးမှုအစဉ်အလာအခြေအနေများနှင့် လိုက်လျောညီထွေသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကိုယ်ပိုင်လုပ်ငန်းအစီအစဉ်များကိုချမှတ်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုးများ၏ အခြေအနေနှင့် ကိုက်ညီသည့် ဒီမိုကရေစီလူနေမှုပုံစံကို ထူထောင်ရန် ကြိုးပမ်းနေသည့် အချိန်ဖြစ်ကြောင်း၊ မိမိတို့၏ ကံကြမ္မာကို ပြည်ပစွက်ဖက်မှု ကင်းကင်းဖြင့်ပင် မိမိတို့ကိုယ်တိုင် ဖန်တီးခွင့်ရရေး ပြင်းပြင်းထန်ထန် ကြိုးပမ်းနေသည့် ကာလဖြစ်ကြောင်း။**

## ရင်းရင်းနှီးနှီး နှုတ်ဆက်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)အကြို ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်း အသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)





ထိုကဲ့သို့ အခြေအနေတွင် **အသင်းကြီးအနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို တူညီသည့်လုပ်ဆောင်မှုနှင့် ခိုင်မြဲသည့် ညီညွတ်မှုလမ်းကြောင်းမှန်ပေါ် ရောက်ရှိစေရန် စည်းရုံးလှုံ့ဆော်သွားနိုင်ရမည်ဖြစ်ကြောင်း၊ ယုံကြည်ချက်တူ၊ ခံယူချက်တူ၊ သဘောထားတူအောင် စည်းရုံး၊ အားညှိနိုင်မှသာ တိုင်းပြည်အတွက် တူညီသည့်လုပ်ဆောင်မှုနှင့် ခိုင်မြဲသော ညီညွတ်မှုကို ပေးအပ်နိုင်မည်ဖြစ်ကြောင်း၊ သို့မှလည်း တိုင်းပြည်ကို ထူထောင်နိုင်စွမ်းရှိသည့် စည်းရုံးရေးအား စည်းရုံးရေးထု (Unity of Strength)ကို ဖန်တီးထားနိုင်မည်ဖြစ်ကြောင်း၊ ယင်းတို့မှာ အသင်း၏ ကြီးလေးသည့် တာဝန်လည်းဖြစ်ကြောင်း။**

## အခြေခံအုတ်မြစ်

အသင်းဝင်များသည် အသင်းကြီး၏ မူဝါဒများအပေါ် ခိုင်ခိုင်မာမာ ရပ်တည်နိုင်စွမ်းရှိရမည်ဖြစ်ပါကြောင်း၊ အသင်းကြီး၏ ရည်မှန်းချက်နှင့် အခြေခံလုပ်ငန်းစဉ်များသည် အသင်းကြီး၏ အခြေခံ အုတ်မြစ်များဖြစ်သကဲ့သို့ နိုင်ငံတော်၏ ရည်မှန်းချက်နှင့် လုပ်ငန်းအစီအစဉ်များနှင့်လည်း တစ်သားတည်း ဆက်စပ်လျက်ရှိနေသည်ကို အမြဲသတိထားရမည်ဖြစ်ကြောင်း။

ယင်းမူဝါဒများကို မျက်ကွယ်ပြုသည့် စည်းရုံးလှုပ်ရှားမှုများသည် ရေရှည်မခိုင်မြဲသည့်အပြင် ဆရာတပည့်မွေးမှုများ၊ မျက်နှာလိုက်မှုများ၊ ငါးပွက်ရာငါးစာချမှုများ ဖြစ်လာတတ်ကြောင်းကို အတွေ့အကြုံများအရ နားလည်သိရှိပြီးဖြစ်ကြောင်း။

## လေ့ကျင့်ပျိုးထောင်

ယနေ့ နိုင်ငံတော်သည် ခေတ်သစ် စနစ်သစ်ကို ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲပြင်ဆင်မှုများ လုပ်နေချိန်တွင် အသင်းဝင်များကလည်း မိမိတို့အသင်းကြီး ကြီးပွားတိုးတက်ရေးအတွက် မိမိတို့ကိုယ်တိုင် အမြဲတမ်းလေ့ကျင့်ပြုစုပျိုးထောင် ပြုပြင်နေကြရမည်ဖြစ်ကြောင်း၊ သို့မှလည်း နိုင်ငံတော်က ဦးဆောင်လုပ်ကိုင်နေသည့် ပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ထိထိရောက်ရောက် ဝင်ရောက်အထောက်အကူပြုနိုင်အား ရှိမည်ဖြစ်ကြောင်း၊ ဘဝနှင့် ထက်ကြပ်မကွာလိုက်နိုင်သည့် အသင်းဝင် စည်းရုံးရေးမှူးကောင်းများဖြစ်လာပြီး အသင်းကြီး၏ စည်းရုံးရေးသိက္ခာသည်လည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ အသင်းဝင်များသည်လည်း မိမိကိုယ်ကို တန်ဖိုးထား လေ့ကျင့်ပျိုးထောင် ပြုပြင်နိုင်မှလည်း မိမိတို့၏ စိတ်ဓာတ်အရည်အသွေးကို ထိန်းသိမ်းနိုင်စွမ်းရှိပြီး မိမိအသင်းကြီး၏ စည်းရုံးရေးစွမ်းအားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း။

ခြုံလိုက်မည်ဆိုပါက နယ်ပယ်အနှံ့တွင် ရှိနေကြသည့် အသင်းဝင်များသည် နိုင်ငံတော်အတွက်၊ အသင်းကြီးအတွက် အားကိုးအားထားပြုရသည့် အသင်းဝင် နိုင်ငံ့သားကောင်းများဖြစ်စေရန် ကြိုးစားကြစေလိုကြောင်း၊ စည်းရုံးလှုပ်ရှားရာတွင်လည်း မျှတစွာ ဆက်ဆံတတ်၊ ကူညီတတ်၊ စောင့်ရှောက်တတ်၊ ဦးဆောင်တတ်ရုံသာမက ရည်မှန်းချက်ပန်းတိုင်ကို မျက်ခြည်မပြတ်စေဘဲ အသင်းကြီး၏ အန္တိမပန်းတိုင်၏ အဓိပ္ပာယ်၊ အန္တိမပန်းတိုင်ကို အထောက်အကူပြုသည့် ကာလအလိုက်၊ ဒေသအလိုက် သီးခြားထားရှိသော ရည်မှန်းချက်များ၏ အနေအထား၊ ယင်းတို့ကို ပြည့်ပြည့်စုံစုံ နားလည်သဘောပေါက်စေရန် လေ့လာပြီး ယုံကြည်ချက်ရှိရှိ၊ ခံယူချက်ရှိရှိ စည်းရုံးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်သွားကြစေလိုကြောင်း။

## ခိုင်ခိုင်မာမာရပ်တည်

**ရှင်သန်သည့် မူဝါဒသဘောတရားအခြေခံရှိမှု၊ အသင်းဖွဲ့စည်းပုံပြည့်စုံမှု၊ ရှေ့နောက်ညီညွတ်သည့် လုပ်ငန်းအစီအစဉ်ရှိမှု၊ အသင်း၏ ဗီဇကောင်းမှု၊ ပြည့်စုံသည့် ပံ့ပိုးအထောက်အကူရရှိမှုတို့ကြောင့် အသင်း၏ အနာဂတ်အလားအလာသည် ထွန်းလင်းတောက်ပလျက်ရှိပြီး အသင်းဝင်များ၏ စည်းရုံးရေးထက်မြက်မှုကောင်းနှင့် ပေါင်းစပ်နိုင်မည်ဆိုပါက အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာ ဝင့်ဝင့်ကြွားကြွား ရပ်တည်လာနိုင်မည်ကို သေချာလျက်ရှိကြောင်း။**

အသင်းကြီး၏ အနာဂတ်အလားအလာကို ပိုမိုထွန်းလင်းတောက်ပရေးနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပိုမိုသယ်ပိုးနိုင်ရေးအတွက် အသင်းဝင်များသည် မိမိ၏ စည်းရုံးရေးအင်အားကို အမြဲမြှင့်တင်နေရမည်ဖြစ်ကြောင်း။

## အလေးအနက်ခံယူ

အထူးသဖြင့် နိုင်ငံတော်ကြီးကို နိုင်ငံရေးအရ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နေချိန်တွင် အသင်းကြီးကိုယ်တိုင်က နိုင်ငံရေးအရ တက်တက်ကြွကြွ၊ နိုးနိုးကြားကြား လှုပ်ရှားပါဝင်နေရမည်ဖြစ်သကဲ့သို့ လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် လူမှုရေးအသင်းအဖွဲ့များဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်း၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့တို့နှင့်အတူ ဟန်ချက်ညီညီ ရင်းရင်းနှီးနှီး လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အသင်းကြီး၏ ဦးတည်ချက်များနှင့် မူဝါဒများသည် ယင်းလူမှုရေးအသင်းအဖွဲ့များ၏ မွန်မြတ်သောလုပ်ငန်းစဉ်များနှင့် တစ်သားတည်း ဆက်စပ်လျက်ရှိသည့်အတွက် မိမိ၏ သွေးသောက်ညီနောင် အဖွဲ့အစည်းများအဖြစ် အလေးအနက်ခံယူထားရမည်ဖြစ်ကြောင်း။

ယနေ့တွင် ယင်းအဖွဲ့အစည်းများ၏ အင်အားနှင့် လှုပ်ရှားမှုအခြေအနေကို ကြည့်မည်ဆိုပါက အင်မတန်အားရဖွယ်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေနိုင်ရေး၊ ကျောင်းဆောင်ပရိဘောဂ ဝိုင်းဝန်းပြုပြင်ထောက်ပံ့ရေး၊ ကျေးလက်လမ်းများ တိုးတက်ကောင်းမွန်ရေး၊ ရေကောင်းရေသန့်ရရှိရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆင်နွှဲလျက်ရှိသည့်အပြင် တီဘီရောဂါ၊ ငှက်ဖျားရောဂါ၊ HIV/AIDS ရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ စသည့် ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် မိခင်နှင့် ကလေးသူငယ်များ အာဟာရဖွံ့ဖြိုးကျန်းမာရှင်သန်ရေးလုပ်ငန်းစဉ်များတွင် ကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းပြီး နယ်မြေဒေသအနှံ့တွင် အင်တိုက်အားတိုက် လှုပ်ရှားလျက်ရှိနေကြကြောင်း။

## ပျံ့နှံ့လွှမ်းခြုံ

ထို့အပြင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ခံစားနေသူများ၏ စားသောက်ရေး၊ ကျန်းမာရေးတို့ကို အထောက်အကူပြုနိုင်ရေးအတွက် လူမှုရေးအသင်းအဖွဲ့များသည် အကျဉ်းစခန်းများကိုသွားရောက်ပြီး လိုအပ်သော လှူဒါန်းကူညီမှုများ ပြုလုပ်လျက်ရှိကြကြောင်း၊ ၂၀၀၅ ခုနှစ် အောက်တိုဘာလမှစပြီး တစ်နှစ်တာကာလအတွင်း တန်ဖိုးငွေကျပ် ၆၇၉ သိန်းကျော်ရှိ စားကုန်၊ လူသုံးကုန်နှင့် ဆေးဝါးပစ္စည်းများကို စုပေါင်းထောက်ပံ့ခဲ့ကြကြောင်းကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံသားများ၏ လူအချင်းချင်းထားရှိအပ်သော စာနာစိတ်၊ သဒ္ဒါစိတ်တို့၏ လှုံ့ဆော်မှု ကုသိုလ်စိတ်စွမ်းအားသည် ပြစ်ဒဏ်ကျခံနေရသူများ၏ ကန့်သတ်နယ်မြေအထိပင် ပျံ့နှံ့လွှမ်းခြုံလျက်ရှိကြောင်း။

ထို့ကြောင့် အသင်းကြီးသည် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများ၊ ပြည်သူလူထုကောင်းစားရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်သူများကိုယ်တိုင် အသိတရားရှိရှိ ပူးပေါင်းပါဝင်လာပြီး ပိုမိုထိရောက်အောင်မြင်လာရေးအတွက် အစိုးရမဟုတ်သည့် လူမှုရေးအသင်းအဖွဲ့များ၏စွမ်းအား၊ ဌာနဆိုင်ရာများ၏စွမ်းအားတို့ကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် စုစည်းရယူလုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်းကို ရှင်းလင်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် မှာကြားလိုသည်မှာ–

- **ခေတ်သစ် စနစ်သစ်ကို မျှော်မှန်းပြီး နိုင်ငံတော်က ဦးစီးဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်စေရန် ကျရာအခန်းကဏ္ဍမှ မဆုတ်မနစ် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြပါ။**
- **စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ကိုယ်ပိုင်လုပ်ငန်းအစီအစဉ်များကို အရှိန်အဟုန်ရှိရှိ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြပါ။**
- **အသင်းကြီး၏ စည်းရုံးရေးစွမ်းအားကို မြှင့်တင်ကြပါ၊ အရေအတွက်မှ အရည်အချင်းရှိသော အရေအတွက်သို့ ကူးပြောင်းနိုင်စေရန် ကြိုးစားကြပါ။**
- **နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ ရှေ့လုပ်ငန်းစဉ်များကို လက်တွေ့ကျကျ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းတင်ပြကြပါ**

ဟု တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး အကြိုညှိနှိုင်းအစည်းအဝေးကို ခေတ္တရပ်နားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် အကြိုညှိနှိုင်းအစည်းအဝေးကို နံနက် ၉ နာရီတွင် ပြန်လည်ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက ဆောင်ရွက်ပြီး သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးစိုးသာနှင့် ဦးသိန်းအောင်တို့က ဆောင်ရွက်ကြသည်။

## ရှင်းလင်းပြောကြား

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ကျင်းပရေးဗဟိုကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အခမ်းအနားမှူးက စုဖွဲ့မှုများအလိုက် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ၊ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ၊ စီးပွားရေးရာကဏ္ဍ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ၊ ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတို့အတွက် နှီးနှောဖလှယ်ပွဲများကျင်းပမည့်အစီအစဉ်နှင့် အစုအဖွဲ့ခွဲခြားဖွဲ့ ဖွဲ့စည်းထားရှိမှုအစီအစဉ်များကို ရှင်းလင်းပြောကြားပြီး အကြိုညှိနှိုင်းအစည်းအဝေးကို နံနက်ပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

# အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ များ၏ အစည်းအဝေးကျင်းပ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း အကြံပြုချက်စာတမ်းအပေါ် ကိုယ်စားလှယ်များ ပြည့်စွက်အကြံပြုဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၉

**အမျိုးသားညီလာခံအစုအဖွဲ့များဖြစ်ကြသည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

## အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့

အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက်၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပဲခူးတိုင်းမှ ဦးကျော်မျိုးဝင်းနှင့် မန္တလေးတိုင်းမှ ဦးကျော်ဝင်းထွန်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၇)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၄၇ ဦးတို့ရှိသည့်အနက် ရာနှုန်းပြည့် တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေးက အဖွင့် အမှာစကားပြောကြားသည်။

### ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို မန္တလေးတိုင်းမှ ဦးစိုးဝင်းက လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဦးဝင်းမြင့်ကလည်းကောင်း၊ စစ်ကိုင်းတိုင်းမှ ဦးတင့်နိုင်ကလည်းကောင်း၊ ပဲခူးတိုင်းမှ ဦးကြည်မြင့်ကလည်းကောင်း အသီးသီးဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ အကြံပြုချက်စာတမ်းအပေါ် တက်ရောက်လာကြသော ကိုယ်စားလှယ်များက ဖြည့်စွက်အကြံပြုဆွေးနွေးပြီး အတည်ပြုချက် ရယူနိုင်ရန် အတွက် အလှည့်ကျ သဘာပတိက သဘောထားရယူကာ အတည်ပြုကြေညာသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ရုပ်သိမ်းလိုက်သည်။






**အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ အလှည့်ကျသဘာပတိ စစ်ကိုင်းတိုင်းမှ ဦးခင်မောင်အေး အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

## အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့

အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၆)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဦးလှမြင့်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသိန်းညွှန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

### စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၅၆ဦးတို့အနက် ၅၅ ဦးတို့ တက်ရောက်ကြသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၂ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့်က အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက်တင်မြှောက်ခြင်း အခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် အသေးစိတ်အခြေခံ ရမည့်မူများနှင့် စပ်လျဉ်း၍ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါ်ခင်မိမိထွန်းက လည်းကောင်း၊ တရားရုံးချုပ်ရှေ့နေ ဦးနန္ဒကျော်စွာကလည်းကောင်း၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ပညာရှင်အဖွဲ့မှ ဒေါက်တာမြင့်သိန်းက လည်းကောင်း အသီးသီးဖတ်ကြား တင်ပြကြသည်။

ယင်းနောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား ပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။






**အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ (၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမောင်မောင်ဝင့် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးကို နံနက် ၉ နာရီတွင်ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး လုပ်ငန်းအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၉ဦးတို့ ရှိသည့်အနက် ၁၀၇ ဦးတို့ တက်ရောက်ကြသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ ဗိုလ်ချုပ်အောင်သိမ်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ရွေးကောက် တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စား လှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို အစိုးရအဖွဲ့ရုံးမှ ဒေါ်စောကြည်ကြည်ကလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဒေါ်စန်းမြင့်ကလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ကြည်သိန်းကလည်းကောင်း အသီးသီး ဖတ်ကြား တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

**နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျသဘာပတိ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သိမ်း အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)






## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၁၁-၂၀၀၆**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၁၅ ၂။ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Demonstration Exercises for Correct Pronunciation
၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၅ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ပြည့်ဖူးခိုင်၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၇:၄၀ ၉။ နှောင်းခေတ်တေးပဒေသာ
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်နတ်သမီး"** (အပိုင်း-၁၇)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ပထမချစ်ပုံပြင်"** (အပိုင်း-၁၆)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

## မွန်ပြည်နယ် ကာယဗလမောင်၊ ကာယနှင့် ဆံကေသာအလှမယ်ပြိုင် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၉

**မွန်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းကျင်းပသော မွန်ပြည်နယ် ကာယဗလမောင်၊ ကာယအလှမယ်နှင့် ဆံကေသာအလှမယ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ



သက်နိုင်ဝင်းနှင့်ဇနီး ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းထိုက်၊ ပြည်နယ်၊ အုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြိုင်ပွဲနည်းပြများ၊ ကာယဗလမောင်၊ ကာယအလှမယ်နှင့် ဆံကေသာ အလှမယ်များ တက်ရောက်ကြသည်။

### ဆုပေးအပ်ချီးမြှင့်

ရှေးဦးစွာ ပြိုင်ပွဲကို ကျင်းပပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း **(ဝဲပုံ)** က ကာယဗလမောင်ပြိုင်ပွဲ၌ ပထမဆုရ မော်လမြိုင်မြို့နယ်မှ ကျော်မျိုးလတ်၊ ဒုတိယဆုရအရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ မြင့်သန်းနှင့် တတိယဆုရ မော်လမြိုင်မြို့နယ်မှ သန်းညွန့်ဦးတို့အား လည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက ကာယအလှမယ်ပြိုင်ပွဲ၌ ပထမဆုရ မုဒုံမြို့နယ်မှ မနှင်းအဥ္ဇလီလှိုင်၊ ဒုတိယဆုရ မော်လမြိုင်မြို့နယ်မှ မရွှေဇင်ဖြိုး၊ တတိယဆုရ သထုံမြို့နယ်မှ မဇာဖြူထွေးတို့အား လည်းကောင်း၊ ဒုတိယတိုင်းမှူး၏ဇနီး ဒေါ်ညွန့်ညွန့်ဝေက ဆံကေသာအလှမယ်ပြိုင်ပွဲ၌ ပထမဆုရ ရေးမြို့နယ်မှ မကေသီခိုင်၊ ဒုတိယဆုရ မော်လမြိုင်မြို့နယ်မှ မတင်နီလာထွန်း၊ တတိယဆုရ ကျိုက်ထိုမြို့နယ်မှ မလွင်လွင်နိုင်တို့အား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။**(သတင်းစဉ်)**



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၁၀မိုင် ညီညွတ်ရေးလမ်း အမှတ် ၁၉ နေ ဦးအုန်းဟန်–ဒေါ်လှရှိန်မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ်နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

## မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး အတွေ့အကြုံချင်းဖလှယ်၊ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



နေပြည်တော် နိုဝင်ဘာ ၉

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်အား ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr.Ha Hung သည် နိုဝင်ဘာ ၆ရက် ညနေ ၃နာရီက နေပြည်တော် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။** (အပေါ်ပုံ)

### အတွေ့အကြုံချင်းဖလှယ်

အခမ်းအနားတွင် မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံတို့၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအလိုက်ဆောင်ရွက်လျက်ရှိပုံများနှင့် မြန်မာ–ဗီယက်နမ်နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အတွေ့အကြုံချင်းဖလှယ်၍ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးကြသည်။

### ဂုဏ်ပြုညစာတည်ခင်း

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ H.E.Mr.Ha Hung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ထိုနေ့ည ၇ နာရီတွင် နေပြည်တော်ရှိ ကုမုဒြာဟိုတယ်တွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

### ကြိုဆိုနှုတ်ဆက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ တိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ ဒုတိယ ဥက္ကဋ္ဌ H.E.Mr.Ha Hung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာ ၆ရက် မွန်းလွဲပိုင်းက လေယာဉ်ဖြင့် နေပြည်တော် လေဆိပ်သို့ ရောက်ရှိလာရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေ၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင်ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်ထောင်စုတိုင်းရင်းသားကျေးရွာသို့ တိုင်းရင်းသားရိုးရာပစ္စည်းများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်း သာကေတမြို့နယ် သန်လျင်တံတားအနီးတွင်တည်ဆောက်ဖွင့်လှစ်ပြသလျက်ရှိသည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ကချင်ရိုးရာအိမ်တွင် အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန်အတွက် ဒဂုံမြို့သစ် မြောက်ပိုင်း (၃၅)ရပ်ကွက် သမိန်ဗရမ်းလမ်း အမှတ် ၃၆၆နေ အလှူရှင် ဒေါ်အုန်းညွန့် အလယ်တန်းပြဆရာမ(ငြိမ်း)က ခင်ပွန်းဖြစ်သူ ဦးဝင်းမောင် ဦးစီးအရာရှိ(ငြိမ်း) အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မကွယ်လွန်မီ ရှာဖွေစုဆောင်းခဲ့သော ကချင်တိုင်းရင်းသားရိုးရာ ရဝမ်အင်္ကျီတစ်ထည်၊ ရဝမ်ဦးထုပ်နှစ်လုံး၊ ပလိုင်းတစ်လုံး၊ ဒူးလေးတစ်ခု၊ မြားတံဘူးတစ်ဘူး၊ မခုတ်ဓားတစ်ချောင်း၊ ဓားအိမ်နှစ်ခု၊ ကချင်ရိုးရာဘူးသီးခြောက်တစ်လုံး၊ ပုတီးတစ်ကုံး၊ တာကင်ချိုတစ်ခုတို့အား နိုဝင်ဘာ ၆ ရက်က လာရောက်လှူဒါန်းရာ စီမံကိန်း တာဝန်ခံ ဦးထွန်းဦးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

### ဆက်သွယ်လှူဒါန်းနိုင်

စေတနာရှင် အလှူရှင်များအနေဖြင့် ယင်းကဲ့သို့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပစ္စည်းများ လှူဒါန်းလိုပါက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖုန်း– ၅၄၄၆၈၉၊ ၅၄၇၀၇၇၊ ၅၄၇၃၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**



**ဒဂုံမြို့နယ် ပြည်ထောင်စုရိပ်သာလမ်း အမှတ် ၁၄၀ရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးလှထွန်း (ကိုယ်စား)အဖွဲ့ဝင်လူကြီး ဦးစိုးအောင်ကျော်နှင့် ဒေါ်ချောကလျာတို့က လက်ခံယူစဉ်။** (က–ပ)



## ရွှေသင်္ကန်း ကပ်လှူရန်ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၉**

ညောင်ဦးမြို့ သမိုင်းဝင် ရွှေစည်းခုံဘုရားကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပွဲအတွက် အင်းစိန်အရှေ့ကြို့ကုန်း ၂–လမ်း(တောင်)နေ ဦးမြရှိန်–ဒေါ်လှလှမြတ်မိသားစုက ငွေကျပ်၅၀၀၀၀ **(အပေါ်ပုံ)**၊ လှိုင်တက္ကသိုလ်ဆရာများရိပ်သာနေ ဒေါ်တင်တင်ကြိုင်မိသားစုက ငွေကျပ် ၁၀၀၀၀၊ ကမာရွတ်မြို့နယ် သထုံလမ်း ပညာရေးဝင်းနေ ဒေါ်စိန်သန်း မိသားစုက ငွေကျပ် ၃၅၀၀၀၊ ကျောက်မဲမြို့နေ ဦးသန်းဇော်–ဒေါ်ကြည်ကြည်ရွှေ မိသားစုက ငွေကျပ် ၇၀၀၀ တို့ကို ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့ရုံး အင်းစိန် ဖုန်း–၆၄၀၄၈၇၊ ၆၄၂၈၅၈ တို့သို့ လာရောက်လှူဒါန်းရာ အဖွဲ့နာယက ဦးခင်မောင်စိုး၊ နာယက ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)၊ ဥက္ကဋ္ဌဦးဘိုကြည်(တောင်တွင်းဘိုကြည်)နှင့် အမှုဆောင်များက လက်ခံရယူကြသည်။ **(ဝ၄၆)**



**အောက်တိုဘာ ၂၄ရက်က ပန်းဘဲတန်း မြို့နယ် အမှတ်(၃)အခြေခံပညာ မူလတန်းကျောင်း၌ နယ်လှည့် စာကြည့်တိုက် နံရံကပ် စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနား ကျင်းပရာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် ကျောင်းအုပ်ဆရာကြီးဦးစိုးတင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

**မူးယစ်ကင်းစင် အလှဆင်**

# ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိ အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး တက်ရောက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၉

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက်တွင် စင်ကာပူသမ္မတနိုင်ငံ၌ကျင်းပသည့် ဒုတိယအကြိမ် အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (2nd East Asia Ministerial Forom on Families) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် စင်ကာပူသမ္မတနိုင်ငံ လူထုဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်ရေးရာနှင့် အားကစားရေးရာဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဗီဗီယန်ဘာလာခရစ်ရှနန်က ဖွင့်ပွဲမိန့်ခွန်းပြောကြားသည်။ ဖွင့်ပွဲအခမ်းအနားသို့ အရှေ့အာရှနိုင်ငံ ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များတက်ရောက်ကြပြီး နံနက်ပိုင်း အစည်းအဝေးတွင် **"မိသားစုဆိုင်ရာ ဟန်ချက်ညီ ထုတ်ပြန်ချက်ပါ လုပ်ငန်းစဉ်များ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး မွန်းလွဲပိုင်းတွင် **"ခံနိုင်ရည်ရှိသည့် မိသားစုများ တည်ဆောက်ခြင်း"**ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။



**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပသည့် ဒုတိယအကြိမ် အရှေ့အာရှမိသားစုများဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။** (လူမှုဝန်ထမ်း)

### လိုက်နာကျင့်သုံးလျက်ရှိ

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးက မိန့်ခွန်းပြောကြားရာ၌ မြန်မာ့လူ့အဖွဲ့အစည်းတွင် ခိုင်မာသော မိသားစု ဖွဲ့စည်းတည်ဆောက်မှုနှင့် ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်ခဲ့မှုကြောင့် မြင့်မားသည့် **"မိသားစုတန်ဖိုး၊ မိသားစုစိတ်ဓာတ်"** တို့ဖြင့် ဂုဏ်ယူဝင့်ကြွား ဖွယ်ကောင်းသည့် တည်ငြိမ်အေးချမ်းသော မိသားစုစနစ်ကို ရရှိပိုင်ဆိုင်ထားပါကြောင်း၊ မြန်မာနိုင်ငံတွင် များသောအားဖြင့် စုပေါင်းနေထိုင်သည့် မိသားစုပုံစံကို ယနေ့ထက်တိုင် နိုင်ငံတစ်ဝန်း၌ တွေ့ရှိရပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အဆုံးအမများအရ မိဘ၊ သားသမီး၊ ခင်ပွန်းနှင့် ဇနီးတို့၏ ဝတ္တရားများကို နှစ်ပေါင်းရှည်ကြာစွာ လိုက်နာကျင့်သုံးလျက်ရှိပါကြောင်း၊ မိမိနိုင်ငံ၏မိသားစုစနစ်များ ပိုမိုကောင်းမွန်အောင် တည်ဆောက်ခြင်း၊ ထိန်းသိမ်းခြင်းဖြင့် ပျော်ရွှင်နှစ်လိုဖွယ်ကောင်းလှသည့် လူမှုစနစ်ဝ န်းကျင်များရှိသော အရှေ့အာရှဒေသကြီးကို ဖန်တီးနိုင်ကြပါစေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ကြီးများက **"ခံနိုင်ရည်ရှိသည့် မိသားစုတည်ဆောက်ခြင်းဆိုင်ရာ စင်ကာပူထုတ်ပြန်ချက်"** ကို သဘောတူထုတ်ပြန်ကြေညာပြီး ၂၀၀၈ ခုနှစ်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ အစည်းအဝေးကို ထပ်မံကျင်းပရန် သဘောတူခဲ့ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စင်ကာပူသမ္မတနိုင်ငံမှ နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာသည်။

### ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားသော လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်လည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုဝင်ဘာ ၈ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက် ရေး အ သင်း ဒသမအကြိမ်မြောက် ဘိုးဘွား ကျန်းမာရေး စောင့် ရှောက် မှု နှင့် ထောက်ပံ့ခြင်း အခမ်းအနားကို တိုင်းရင်းဆေးရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ဘိုး ဘွား များ အား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်စဉ်။** (မြန်မာ့အလင်း)

# မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား လှေလှော်ပြိုင်ပွဲ အသင်းပေါင်း ၅၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာလှေ၊ နဂါးလှေ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲကြီးအား နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်တည်ရှိရာ အင်းလျားလမ်းရှိ အင်းလျားကန်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာအသင်းပေါင်း ၅၃ သင်းနှင့်ပြိုင်ပွဲဝင် ဦးရေ ၂၈၀ ပါဝင် ယှဉ်ပြိုင်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများအတွက် အမျိုးသား သုံးတက် ရိုးရာလှေလှော်ပြိုင်ပွဲတွင် အသင်းပေါင်း ၂၈ သင်း၊ အမျိုးသား ငါးတက်ရိုးရာ လှေလှော်ပြိုင်ပွဲတွင် အသင်းပေါင်း ၂၀၊ အမျိုးသမီး ငါးတက်ရိုးရာ လှေလှော်ပြိုင်ပွဲတွင် အသင်းပေါင်း ရှစ်သင်း၊ နဂါးလှေလှော်ပြိုင်ပွဲတွင် ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများဖြစ်သော အင်းလျားလိတ်ဟိုတယ်၊ ဂရင်းမီးရထားဟိုတယ်၊ မီကာစာဟိုတယ်၊ ပတ်ရှိုင်ရယ်ဟိုတယ်၊ ဆီဒိုးနားဟိုတယ်၊ ဆန်းမစ်ဟိုတယ်၊ ထရေးဒါးဟိုတယ် စုစုပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လှေလှော်ပြိုင်ပွဲတွင် တိုင်းစစ်ဌာနချုပ်၊ ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကကလပ်အသင်း စုစုပေါင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ လှေလှော်အားကစားဝါသနာရှင်များ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၆ခုနှစ် နိုဝင်ဘာလအတွက်**
**(၁၂-၁၁-၂၀၀၆) ရက်နေ့နှင့်**
**(၂၆-၁၁-၂၀၀၆) ရက်နေ့**

# (၁၅)ကြိမ်မြောက် အလိုတော်ပြည့် ဗုဒ္ဓပူဇနိယ အဓိဋ္ဌာန်ပြုပွဲတော်

**ရန်ကုန် နိုဝင်ဘာ ၉**

မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့နယ်ရှိ နှစ်စဉ်နှစ်တိုင်းကျင်းပလျက်ရှိသော အေဒီ(၁၁)ရာစု ရှေးဟောင်းအလိုတော်ပြည့် ဗုဒ္ဓပူဇနိယ အဓိဋ္ဌာန်ပြုပွဲတော်ကို သစ်သီးငါးထောင်၊ ပန်းငါးထောင်၊ ဆွမ်းငါးထောင်၊ ဆီမီးငါးထောင်၊ ရေချမ်းငါးထောင်တို့ကို (၁၃၆၈ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်) ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အလိုတော်ပြည့်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပုဂံ-ညောင်ဦးမြို့တွင်းသို့ လှည့်လည်အပူဇော်ခံကြွရောက်ပြီး ည ၆ နာရီတွင် အဓိဋ္ဌာန်ပြုခြင်းကို အကြိုကျင်းပပြီး (၁၃၆၈ ခုနှစ် နတ်တော်လပြည့်) ဒီဇင်ဘာ ၄ ရက် (တနင်္လာနေ့) နံနက် ၇ နာရီတွင် အလိုတော်ပြည့်ဗုဒ္ဓပူဇနိယ အဓိဋ္ဌာန်ပြုပွဲတော်အား ကြွရောက်လာကြကုန်သော စေတနာရှင်၊ အလှူရှင်အပေါင်းတို့က လှူဒါန်းထားသော သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့အား ဆက်ကပ်လှူဒါန်းအဓိဋ္ဌာန်ပြုခြင်း အခမ်းအနားကို ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့် ဒါယကာ ဒါယိကာမများနှင့် စေတနာရှင် အလှူရှင်အပေါင်းတို့အား ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

# အာရှအသက် (၁၉) နှစ်အောက် အမျိုးသမီး ခြေစစ်ဘောလုံးပြိုင်ပွဲ ပွဲဦးထွက် မြန်မာအသင်းက အိန္ဒိယအသင်းကို အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၉**

၂၀၀၇ ခုနှစ်အာရှအသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ (AFC U-19 Women's Championship 2007 Qualifying Round) ခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ဒေသစံတော်ချိန် ၄ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

### အနိုင်ရရှိ

(က)အုပ်စုမှ အသက်(၁၉)နှစ်အောက် မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် အိန္ဒိယနိုင်ငံ အမျိုးသမီးလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြန်မာအမျိုးသမီးလက်ရွေးစင် ဘောလုံးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

### ဦးဆောင်ကစား

မြန်မာအမျိုးသမီး ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၁၈ မိနစ်တွင် ခင်မာလာထွန်းက ပထမဂိုးသွင်းယူခဲ့ပြီး မိနစ် ၂၀ တွင် ခင်မိုးဝေက ဒုတိယဂိုးကို သွင်းယူကာ ပထမပိုင်းတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ကစားသည်။ ဒုတိယပိုင်း ၃၃ မိနစ်တွင် အိန္ဒိယအမျိုးသမီးဘောလုံးအသင်းက ချေပဂိုးတစ်ဂိုး ပြန်လည်သွင်းယူသည်။ ပွဲချိန်အပြည့် ယှဉ်ပြိုင်ကစားပြီးနောက် မြန်မာအမျိုးသမီးအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

အိန္ဒိယအမျိုးသမီးဘောလုံးအသင်းသည် ပထမပွဲစဉ်တွင် ဂျော်ဒန်နိုင်ငံ အမျိုးသမီးဘောလုံးအသင်းအား လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။

### ဆက်လက်ယှဉ်ပြိုင်

မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် နိုဝင်ဘာ ၁၁ ရက်တွင် ဂျော်ဒန်နိုင်ငံ အမျိုးသမီးဘောလုံးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်တွင်းအခွန်များဦးစီးဌာန စာရေးဝန်ထမ်း အရည်အချင်းမြှင့်မွမ်းမံသင်တန်း အမှတ်စဉ်(၃/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက်က ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန ရုံးချုပ် သင်တန်းခန်းမ၌ကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး ဦးညွန့်တင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ကမ္ဘာတစ်လွှား အားကစား

## ကားလင်းဖလားစတုတ္ထဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင် ချယ်လ်ဆီး၊ အာဆင်နယ်နှင့် လီဗာပူးတို့အနိုင်ရရှိ

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် နိုဝင်ဘာ ၉

**ကားလင်းဖလား စတုတ္ထဆင့် ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ၈ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ရာ ချယ်လ်ဆီး၊ အာဆင်နယ်၊ လီဗာပူးနှင့် တော့တင်ဟမ်တို့ အသီးသီးအနိုင်ရရှိခဲ့ကြသည်။**

ချယ်လ်ဆီးအသင်းသည် အက်စ်တွန်ဗီလာအသင်းကို လေးဂိုး–ဂိုးမရှိ ဂိုးပြတ်သွင်းပြီး ကားလင်းဖလားနောက်ဆုံးရှစ်သင်းပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

နောက်တန်းတွင်လည်း ဘိုလာရုစ်ဇ်၊ ချင်ကိုနှင့် ဒရော့ဘာတို့ အတွဲကို ထားပြီး အလယ်တန်းတွင် လမ်းပတ်၊ အက်ဆီယန်နှင့် ဘောလက်တို့ကို အထိုင်ချခဲ့သည်။

**ချယ်လ်ဆီး အသင်းအတွက် ဒုတိယဂိုးကို ရှက်ဗ်ချင်ကိုက ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)



ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို လမ်းပတ်က ပွဲချိန် ၃၂ မိနစ်တွင် မိုက်ကယ်ဘောလက်ခေါင်းတိုက်ချပေးသည့်ဘောလုံးမှ သွင်းယူခဲ့သည်။ ယင်းနောက် ပွဲချိန် ၆၅မိနစ်တွင် ရှက်ဗ်ချင်ကိုက ချယ်လ်ဆီးအတွက် ဒုတိယမြောက်ဂိုးအဖြစ် ခေါင်းတိုက်သွင်းယူပေးခဲ့သည်။ တတိယမြောက်ဂိုးကို မိုက်ကယ်အက်ဆီယန်က ၁၂ ကိုက်အကွာမှသွင်းယူခဲ့ပြီး စတုတ္ထမြောက်ဂိုးကို ဒရော့ဘာက ကာလူး ဖြတ်ပို့သောဘောလုံးမှတစ်ဆင့် သွင်းယူခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ပြီးခဲ့သောအပတ်က တော့တင်ဟမ်အသင်းကို ရှုံးနိမ့်ခဲ့ပြီးနောက် ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုမှာ ရှုံးနိမ့်ခဲ့မှုကို အဖတ်ဆယ်ရန် ကြိုးစားနေသည်။

ထို့ကြောင့်လည်း မော်ရင်ဟိုသည် ကားလင်း ပြိုင်ပွဲ၌ ရှေ့တန်းတွင် ရှက်ဗ်ကာဗယ်ဟိုနှင့်မက်ခ်လီလီတို့ကို အခိုင်အခန့်ဖြန့်ကြက်ထား၍ တစ်သင်းလုံး အင်ပြည့်အားပြည့်ဖြင့် ယှဉ်ပြိုင်ခဲ့သည်ကိုတွေ့ရသည်။ ထိုသို့အင်အားသုံးယှဉ်ပြိုင်ခဲ့မှုကြောင့် ခြေမှန်ရှိသော အက်စ်တွန်ဗီလာကို လေးဂိုးပြတ်သွင်းယူနိုင်ခဲ့သည်။

### အဲဗာတန်–အာဆင်နယ်

အာဆင်နယ်အသင်းသည် အဒီဘာယော၏ တစ်လုံးတည်းသော ခေါင်းတိုက်ဂိုးဖြင့် အဲဗာတန်ကိုနိုင်ပြီး ကားလင်းဖလားနောက်ဆုံးရှစ်သင်း တက်ခွင့်ရသွားသည်။

ပွဲစပြီး ၁၈မိနစ်တွင် ဒိုင်လူကြီး ဂရေဟမ်ပူးလ်က အဲဗာတန်ကစားသမား ဂျိမ်းစ်မက်ဖက်ဒင်အား အနီကတ်ပြထုတ်လိုက်၍ အဲဗာတန်တို့ အားပျော့သွားစေခဲ့သည်။ ၁၀ယောက် ၁၁ယောက်ဖြင့် ကစားကွက် ကွာဟချက်ကို အခွင့်ကောင်းယူ၍ အာဆင်နယ်တို့ အနိုင်ဂိုးသွင်းနိုင်ရေးအကြိတ်အနယ်ကြိုးစားရာ ပွဲချိန် ၈၅မိနစ်တွင် အဒီဘာယောက ခေါင်းတိုက်သွင်းယူခဲ့သည်။

ကွင်းလယ်ဒိုင်လူကြီးဂရေဟမ်ပူးလ်သည် ချယ်လ်ဆီးက စပါးအသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးသည့်ပွဲတွင်လည်း ဂျွန်တယ်ရီကို အနီကတ်ပြထုတ်ခဲ့၍ လေးရက်အတွင်း အနီကတ်နှစ်ကတ်ပြသည့်ဒိုင်လူကြီးဖြစ်ခဲ့သည်။

### တော့တင်ဟမ်–ပို့တ်ဗယ်လီ

တော့တင်ဟမ်အသင်းသည် ပို့တ်ဗယ်လီအသင်းကို သုံးဂိုး–တစ်ဂိုး ဖြင့် အနိုင်ကစားခဲ့၍ကားလင်းဖလားပြိုင်ပွဲမှ ထွက်ရမည့်အခြေအနေမှ လွတ်မြောက်သွားခဲ့သည်။

အဆိုပါနှစ်သင်းသည် ပုံမှန်ကစားချိန်တွင် တစ်ဖက် တစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပို ကစားခဲ့ရသည်။ အချိန်ပိုတွင် တော့တင်ဟမ်က နှစ်ဂိုးသွင်းယူခဲ့၍ သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

**တော့တင်ဟမ်အသင်းမှ မဲဘရန့်ချ် ပို့တ်ဗယ်လီ အသင်းဘက်သို့ ဤသို့ ထိုးဖောက်ကစားခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)



### ဘာမင်ဂမ်–လီဗာပူး

လီဗာပူးတို့ ဘာမင်ဂမ်ကွင်း၌ အက်ဂါ၏ ဂိုးဖြင့် ကားလင်းဖလားနောက်ဆုံးရှစ်သင်းပြိုင်ပွဲသို့ တက်လာသည်။ ပွဲချိန် ၆၄ မိနစ်တွင်ဘယ်လာမီ ပယ်နယ်တီကန်ခွင့်ရသော်လည်းလွဲချော်ခဲ့၍ လီဗာပူးတို့ တစ်ဂိုးနစ်နာခဲ့ရသည်။

### နောက်ဆုံးရှစ်သင်း

ကားလင်းဖလားစတုတ္ထဆင့် ပြိုင်ပွဲအပြီး နောက်ဆုံး ရှစ်သင်းတက်လာသော အသင်းများမှာ ချာလ်တန်၊ ဝိုင်ကွမ်ဘီ၊ နယူးကာဆယ်၊ ဆောက်သ်အင်း၊ လီဗာပူး၊ ချယ်လ်ဆီး၊ အာဆင်နယ်နှင့်တော့တင်ဟမ်ဟော့စပါးအသင်းတို့ ဖြစ်ကြသည်။ ။**(အင်တာနက်)**

## လေဗာကူဆင်နှင့်ဟန်နိုဗာတို့ နိုင်ပွဲများရရှိခဲ့သည့် ဂျာမန်ဘွန်ဒက်စ်လီဂါ ဘောလုံးပွဲစဉ်(၁၁)

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် နိုဝင်ဘာ ၉

**ဂျာမန် ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ကို နိုဝင်ဘာ ၈ရက်က ဆက်လက်ကစားရာ ဘေယာလေဗာကူဆင်က ဘိုချန်ကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဟန်နိုဗာက ဘိုင်ယန်မြူးနစ်ကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**

**ဘိုင်ယန်မြူးနစ် ဂိုးသမားကြီး အိုလီဗာခမ်း။**
(ဓာတ်ပုံ–အင်တာနက်)



### ဘိုချန်နှင့်ဘေယာလေဗာကူဆင်

၂–၆–၂ ပုံစံဖြင့် ခင်းကျင်းကစားခဲ့သော လေဗာကူဆင်တို့ အဝေးကွင်းဖြစ်သော်လည်း ဘိုချန်ကို အပေါ်စီးမှ ကစားနိုင်ခဲ့သည်။ ပွဲစသည်နှင့် လေဗာကူဆင် တိုက်စစ်မှူးများက ကွင်းလယ်မှ ဖြတ်တင်ပေးသော ဘောလုံးများဖြင့် မနားတမ်းတိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၇မိနစ်မှာပင် လေဗာကူဆင် တိုက်စစ်မှူးဘာဘာရာဇ်က အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဘိုချန်၏တန်ပြန်တိုက်စစ်ကို လေဗာကူဆင်ကွင်းလယ်မှ မာကိုဘာဗစ်၊ ဘာနက်တာ၊ ပေါဖရဲယား၊ ဆီမွန်ရိုလ်ဖက်စ်၊ ဘီရင့်နှင့် ပီယာမင်တို့က ဟန့်တားဖြတ်တောက်နိုင်ခဲ့သည့်အပြင် တိုက်စစ်ကိုပါ လိုက်ပါဖြည့်ဆည်းပေးနိုင်မှုကြောင့် ပွဲချိန် ၃၂မိနစ်၌ လေဗာကူဆင်တိုက်စစ်မှူး ဗိုရိုနင်က တစ်ဂိုးထပ်မံသွင်းယူလိုက်ပြန်သဖြင့် ပထမပိုင်းမှာပင် နှစ်ဂိုးပြတ်အနိုင်ရနေသည်။ ထို့နောက်ဒုတိယပိုင်း ပွဲချိန် ၇၁မိနစ်၌ လေဗာကူဆင် ကွင်းလယ်ကစားသမား ဘာနက်တာက တစ်ဂိုးသွင်းယူခဲ့ပြန်သဖြင့် လေဗာကူဆင်တို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်သည်။

ဘိုချန်၏ ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၄၈ မိနစ်၌ အိုင်ဗိုအီလီစီဗစ်က သွင်းယူပေးခဲ့သဖြင့် ဘိုချန်တို့ အိမ်ကွင်း၌ သုံးဂိုး–တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

### ဘိုင်ယန်မြူးနစ်နှင့် ဟန်နိုဗာ

ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်း၌ ပထမဆုံးရှုံးပွဲကြုံတွေ့လိုက်ရခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့က ပီဇာလိုနှင့် မက်ကိုင်းတို့ တိုက်စစ်အတွဲကို ပွဲထုတ်ပြီး ကွင်းလယ်၌ ဘွန်မဲလ်၊ ဘက်စတိန်း၊ ဟာဆင်၊ အော့တယ်၊ အလီခါရီမီနှင့် ဒီမီရှယ်တို့ကိုထားကာ ကစားစေခဲ့သော်လည်း ဟန်နိုဗာတို့က ရသည့် အခွင့်အရေးကို အကျိုးရှိစွာအသုံးချခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ဟန်နိုဗာတို့၏ အဖွင့်ဂိုးနှင့် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၄၃ မိနစ်၌ ဟန်နိုဗာကွင်းလယ်ကစားသမား ဟုစ်တီကသွင်းယူပေးရာ ဝါရင့်ဂိုးသမားကြီး အိုလီဗာခမ်းလည်း မည်သို့မျှ မကာကွယ်နိုင်သဖြင့် ဂိုးပေးခဲ့ရခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ ဂိုးသွင်းခွင့် ၁၅ ကြိမ်ခန့်ရရှိခဲ့ပြီး အပိုင်ကန်သွင်းခွင့် လေးကြိမ်ရရှိခဲ့သော်လည်း တစ်ဂိုးမျှ မရရှိခဲ့သဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်တို့ ယခုပွဲရှုံးခဲ့သဖြင့် ၁၁ပွဲကစား ငါးပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးဖြင့် တန်းစီဇယား ပဉ္စမနေရာ၌ ရှိနေပြီး ဟန်နိုဗာမှာ ၁၁ပွဲကစား နှစ်ပွဲနိုင်၊ လေးပွဲသရေ၊ ငါးပွဲရှုံးဖြင့် တန်းစီဇယားအဆင့် ၁၆နေရာ၌ ရှိနေသည်။

### ဂလက်ဘတ်နှင့် ရှော်လ်ကေး

ဂလက်ဘတ်တို့ အိမ်ကွင်း ဒုတိယမြောက် ကြုံတွေ့ရခြင်းဖြစ်သည်။ ဧည့်သည် ရှော်လ်ကေးတို့က ၄–၃–၃ ပုံစံဖြင့် ကစားခဲ့ပြီး တိုက်စစ်မှူးများဖြစ်သည့်အယ်တင်တော့၊ ကီဗင်ကူရန်ညီနှင့် ပီတာတို့က အတွဲညီညီ ထိုးဖောက်ကစားရာ ဂလက်ဘတ်နောက်တန်း မဟန့်တားနိုင်ဘဲ အမှားများ ပြုလုပ်ခဲ့သဖြင့် ပွဲချိန်၁၁မိနစ်မှာပင် ဂလက်ဘတ်နောက်တန်း ခံစစ်မှူးဆန်တို့စီလ်ဗာက ဘောလုံးဖျက်ထုတ်ရင်း ကိုယ့်ဂိုး ကိုယ်သွင်းသလို ဖြစ်ခဲ့ရာမှ ရှော်လ်ကေးတို့ တစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ရှော်လ်ကေးအတွက် ဒုတိယဂိုးကို ပွဲချိန်၃၁ မိနစ်၌ ကွင်းလယ်ကစားသမား ဗာရီလာက သွင်းယူပေးခဲ့သဖြင့် နှစ်ဂိုး–ဂိုးမရှိဖြင့် ရှော်လ်ကေးတို့ အနိုင်ရရှိခဲ့ပြီး တန်းစီဇယား တတိယနေရာ၌ ရပ်တည်နိုင်နေသည်။



### အခြားပွဲရလဒ်

| | | |
|---|---|---|
| ဘီလီဖီးလ် | ၂ – ၂ | ဟာသာဘာလင် |
| ကော့ဘတ် | ၀ – ၁ | ဖရန့်ဖတ်။ |

(အင်တာနက်)

**ထိုးဖောက်ကစား**

**လေဗာကူဆင်မှ မာကိုဘာဘစ် (ယာ)၏ ထိုးဖောက်ကစားမှုကို ဘိုချန်မှ ဘိုနင်းက ဤသို့ဟန့်တားခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)



# ဘုန်းတော်ကြီးသင် မူလတန်းလွန် တိုးချဲ့ဆောင် ပန္နက်တင်အခမ်းအနား ကျောင်းကုန်းမြို့၌ကျင်းပ

**ကျောင်းကုန်း နိုဝင်ဘာ ၆**

ဘုန်းတော်ကြီးသင်ပညာရေးပရိယတ္တိမူလတန်းလွန် နှစ်ထပ်ကျောင်းဆောင်သစ် တိုးချဲ့ဆောင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၃ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဝိသုတာရာမကျောင်းတိုက် (ဥယျာဉ်ကြီးကျောင်း)ရှိ အဆိုပါကျောင်းဆောင်သစ် ဆောက်လုပ်မည့်နေရာတွင်ကျင်းပရာ နှစ်ထပ်ကျောင်းဆောင်သစ်ပန္နက်ကို ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်တို့က ပန္နက်ရိုက်ပေးကြသည်။ **(အပေါ်ပုံ)**

**ဆောက်လုပ်မည်**

အဆိုပါနှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျား ပေ၈၀၊ အနံ ပေ၃၀ သွပ်မိုး အာရ်စီလောင်းသမံတလင်းခင်း၊ အုတ်ပတ်ကားဖြင့် ငွေကျပ်သိန်းပေါင်း ၄၀၀ကျော်အကုန်အကျခံ ဆောက်လုပ်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နှစ်ထပ်ကျောင်းဆောင်သစ် အမြန်ဆောက်လုပ်နိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှအလှူရှင်များ မဟာဝိသုတာရာမကျောင်းတိုက် ဖုန်း–၀၄၆–၄၀၁၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၆၅)**

**သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ နားကန်–မိုင်းလင်းကျေးလက်လမ်းအား ကျောက်ချောလမ်းအဖြစ်ဆောင်ရွက်ရန် လမ်းခင်းကျောက်များ စုဆောင်းထားမှုကို အောက်တိုဘာ ၂ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင် ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# ပန်းတနော်မြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ပန်းတနော် နိုဝင်ဘာ ၂**

ပန်းတနော်မြို့နယ် ဘဝိုင်းကျေးရွာအုပ်စု ကွင်းအမှတ်(၄၆၃–ခ)ရှိ တောင်သူဦးစိန်ဝင်းပိုင်လယ်မြေ၌ ဧရာအောင်စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ၂၀ရက်နံနက်၉နာရီကကျင်းပရာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြဦး ဦးဆောင်၍ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစီးအရာရှိ ဦးစိုင်းအောင်ကျော်ဇော ကြီးကြပ်သော ဝန်ထမ်းများ ကွင်းဆင်းပြီး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၀၅ ဒသမ ၅၇တင်း ထွက်ရှိသည်။

**တက်ရောက်**

ဆက်လက်၍ ဘဝိုင်းကျေးရွာအုပ်စုကွင်းအမှတ် (၄၆၄က)ရှိ တောင်သူဦးသောင်းငွေလယ်မြေ၌ ဆင်းသွယ်လတ်စပါးမျိုးအား စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧက ၁၀၁ ဒသမ ၅၃တင်း ထွက်ရှိသည်။ အဆိုပါစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးမြှင့် အဖွဲ့ဝင်များ၊ ဘဝိုင်းကျေးရွာအုပ်စုမှ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။**(အောက်ပုံ)(၃၂၇)**



**ချင်းပြည်နယ် ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လုံပီး–မန်ခဲင်း ကျေးလက် ကျောက်ချောလမ်းခင်းလုပ်ငန်းဆောင်ရွက်မှုကို အောက်တိုဘာ ၃၀ရက်က အမှုဆောင်အရာရှိ ဦးထလာဟရဲ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# လုပ်ငန်းခွင်စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းဖွင့်

**ဂန့်ဂေါ နိုဝင်ဘာ ၈**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းခွင် အရည်အသွေး မြင့်မားရေးတို့အတွက် ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း (၁/၂၀၀၆) ဖွင့်ပွဲကို နိုဝင်ဘာ ၇ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမြင့်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

# ကထိန်ပွဲ ရေဦး၌ကျင်းပ

**ရေဦး နိုဝင်ဘာ ၈**

ရေဦးမြို့နယ် ကထိန်ပွဲကို နိုဝင်ဘာ ၂ရက်မှ ၄ရက်အထိခင်းကျင်းကျင်းပပြီး မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်နိုင်၊ နယ်မြေခံတပ်နယ်မှ ဗိုလ်ကြီးအောင်စံသူနှင့် မြို့မိမြို့ဖများ၊ ပြည်သူများစုပေါင်း၍ ပေကြီးကျောင်း၊ ပြည်ထောင်ကျောင်း၊ ထန်းရုံးကုန်းကျောင်း၊ ရွာအိုင်းကျောင်း၊ နွားပေါင်ကျောင်း၊ ဆည်ကြီးကျောင်း၊ သာထွန်းကျောင်း၊ ဆုတောင်းပြည့်မကျီးတောတောင် ကျောင်းများသို့ လှူဖွယ်ဝတ္ထုစုစုပေါင်း ငွေကျပ် ၁၅သိန်း ၂သောင်း တန်ဖိုးရှိ ကထိန်သင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**



**ပဲခူးတိုင်း သမဝါယမ ဦးစီးဌာန ဦးစီးမှူး ဦးကြည်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ပဲခူးတိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်၏ အလုပ်အမှုဆောင်အဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဥသျှာ သုံးဘီးဆိုင်ကယ်ယာဉ်ငယ်လိုင်းများ၏ စုပေါင်းမဟာဘုံကထိန် ပဒေသာပင်လှည့်လည်ပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပစဉ်။** (ခရိုင် ပြန်/ဆက်)

# တာချီလိတ်တွင် စာကြည့်တိုက်ဆင့်ပွားသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းဖွင့်

**တာချီလိတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းအမှတ်စဉ် (၂/၂၀၀၆)နှင့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၆ရက်နံနက်၉နာရီက ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးစိုး၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သင်တန်း ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၅၁ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဆောင်ရွက်သော သာဂရုံတံတားတည်ဆောက်ပြီးစီးမှု အခြေအနေကို အောက်တိုဘာ ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



# မြန်မာ့အသံ နားဆင်စရာ

(၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၇ရက်)
၁၁–၁၁–၂၀၀၆ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ တရားတော်(မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

**နေ့လယ်ပိုင်း**

၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) အချစ်လောကလေးထဲမှာ (ကိုလေးအောင်–ချိုပြုံး)
(၂) မေတ္တာဘုံသို့ နှစ်ခေါက်လေ (ဇော်ဝမ်း–စမ်းစမ်းအေး)
(၃) ချစ်လိုက်ရတာ အချစ်ဦးရယ် (ဇော်မင်းလေး–တင်မိုးခိုင်)
၉:၄၅ အာဆီယံ အစီအစဉ်
၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ရွှေကံ့ကော်ခရီးသွားလုပ်ငန်း၏ ဝန်ဆောင်မှုများ)
၁၁:၃၅ မေတို့ရေးရာသိမှတ်စရာ (အမျိုးသမီးများတွင် အဖြစ်များသော ကင်ဆာရောဂါများ) (ပါမောက္ခ ဒေါ်သီတာစန်း)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ နေ့စဉ်သုံးအီဒီယမ်(ဦးသိန်းလွင်)
၁၃:၁၀ ပညာရေးအစီအစဉ် (အထက်တန်း–ဇီဝဗေဒ၊ ဇီဝဗေဒဘာသာရပ် အကြောင်းသိကောင်းစရာ)

**ညနေပိုင်း**

၁၆:၁၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ကျွန်မမှာမိန်းမသား (နွယ်နီဝင်း)
(၂) ချော့ရတာလဲ အမောပဲ (မောင်မောင်ညွန့်)
(၃) ကြားလေသွေးလို့ ဝေးရမှာလား (ယင်းမာ)
၁၇:၀၀ ခေတ်ဟောင်းတေး
(၁) မာလာရုံ (မော်လမြိုင် မြသန်းကြည်)
(၂) ချစ်မယ် (ခေတ္တရာဇ)
(၃) နွဲ့မျိုးစုံ (ပြည်လှဖေ–တင်တင်ဇ)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အဝလွန် ပြဿနာ) (The Earth)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မာစတာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်ခြင်းဖွဲ့သံစဉ်တေးများစီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ် တေးဂီတအဖွဲ့)
၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်၍ချစ်ကာလာသည်မှကွယ် (စန္ဒရားကျော်ဇောလေး)
(၂) မိန်းမမြတ်တို့ ချစ်မေတ္တာ (ချစ်စပယ်)
(၃) ပန်းချီပို (ကိုမြကြီး)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့်သာသနိက အဆောက် အအုံများ ဆောက်လုပ်ရန်အတွက် မိခင် ဒေါ်သန်းရင်၏ အသက် ၇၀ ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အမှတ် ၁၂၄ ပထမထပ်(ယာ)၂၇လမ်း ပန်းဘဲတန်းမြို့နယ်နေ သမီး ဒေါ်ဇာလီဦး၊ သား ဦးအောင်စည်သူ၊ သမီး ဒေါ်ယဉ်မင်းဟန်၊ မြေး နန်းထက်ထက်ခိုင်မိသားစုကအလှူငွေကျပ် ၁၂၆၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာ အရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## ပင်လုံမြို့ စေတီတော်ဝင်း၌ သန့်ရှင်းရေးဖြင့် ကုသိုလ်ယူ

ပင်လုံ နိုဝင်ဘာ ၂

လွိုင်လင်ခရိုင်ပင်လုံမြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်ဝင်းအတွင်း၌ စိုက်ပျိုးထားသည့် ဆယ့်နှစ်လရာသီပန်းအလှပင်များပြုစုခြင်း၊ စေတီတော်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၈ရက် နံနက် ၇နာရီက အဆိုပါဘုရားဝင်းအတွင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဖြင့် ကုသိုလ်ယူကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



**ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ဆွမ်းကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်မြေစာရင်းရုံး၌ကျင်းပရာ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးဦးထွန်းဇော်နှင့် ဝန်ထမ်းများ ဆွမ်းဆက်ကပ်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ တရားတော်များနာယူကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## ဖြူးမြို့၌ မိုးစပါး ရာနှုန်းပြည့်အောင်မြင်ရေး စိုက်ခင်းများရိတ်သိမ်းချိန် အလေအလွင့်နည်းပါးရန် ပညာပေး

**ဖြူး နိုဝင်ဘာ ၃**

ပဲခူးတိုင်း တောင်ငူခရိုင် ဖြူးမြို့နယ်၏ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စိုက်ပျိုးခဲ့သော မိုးစပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရေး ရည်မှန်းချက် ရာနှုန်းပြည့် အောင်မြင်ရေးအတွက် စိုက်ပျိုးပြီး မိုးစပါးစိုက်ခင်းများ ရိတ်သိမ်းချိန် အလေအလွင့်အပျက်အစီးနည်းပါးစေရန် ပညာပေးရေးအစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စိုက်/ကြပ်အဖွဲ့များက ကျေးရွာအုပ်စုများသို့ ကွင်းဆင်း၍ တောင်သူလယ်သမားများအား ပညာပေးဆောင်ရွက်လျက်ရှိရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ အတွင်းရေးမှူး ဦးမြသောင်းဦးဆောင်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းသားများသည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းက ဖြူးမြို့နယ် အုတ်ဖြတ်မျိုးသန့်ခြံ၌ မျိုးသန့်စပါး ထုတ်လုပ်ခြင်းနှင့် ဆင်းသွယ်လတ်မျိုးသန့် မိုးစပါးစိုက်ခင်းများသို့ ကွင်းဆင်းလေ့လာကြသည်။ **(အောက်ပုံ)**

**ရှင်းလင်းပြသ**

ကွင်းဆင်းလေ့လာသူများအား အုတ်ဖြတ်မျိုးသန့် ခြံမန်နေဂျာ ဒေါ်စန်းတင်က မျိုးသန့်စပါးထုတ်လုပ်ခြင်း၊ လုပ်ငန်းအဆင့်ဆင့်နှင့် မျိုးသန့်စပါးစိုက်ခင်းများ ပြုစုခြင်းနှင့် သဘာဝမြေသြဇာကျွေးခြင်း လုပ်ငန်းများကို လက်တွေ့ရှင်းလင်းပြသသည်။ **(၂၈၄)**



**တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မိသားစု၏ (၁၈)ကြိမ်မြောက် မဟာဘုံကထိန်ပွဲကို နိုဝင်ဘာ ၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြဆွေး၊ စခန်းမှူးရဲအုပ်ကျော်တင့်တို့က ဓမ္မသိပ္ပံစာသင်တိုက်မှ ဆရာတော်သံဃာတော်များအား ကထိန်သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။** (က-ပ)

## ကလေးမြို့ ကိုယ်ပွားသတင်းစာတိုက် စုပေါင်းကထိန်လျာ သင်္ကန်းဆက်ကပ်

**ကလေး နိုဝင်ဘာ ၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(ကလေး)၏ နှစ်စဉ်ပြုလုပ်မြဲဖြစ်သော စုပေါင်းကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၉ နာရီက ကလေးမြို့ မဟာသန္တာရုံကျောင်း၌ ကျင်းပသည်။

**လှူဒါန်း**

ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ကလေးမြို့ မဟာသန္တာရုံကျောင်းမှ စာသင်စာချဆရာတော် ဘဒ္ဒန္တ ပုညသေဋ္ဌက တရားတော်များချီးမြှင့်ပြီး တာဝန်ခံစာတည်း ဦးအောင်နိုင်လွင်နှင့်ဝန်ထမ်းများက ကထိန်လျာသင်္ကန်း၊ ဆွမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(က-ပ)**

## မြို့နယ်သတင်းများ



## မိခင်များအာဟာရပြည့်ဝစွာစားသောက်ရန် တောင်ငူ၌ ပညာပေးဟောပြော

တောင်ငူ နိုဝင်ဘာ ၅

**တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များစုပေါင်း၍ မိခင်များအာဟာရပြည့်ဝစွာ စားသောက်တတ်စေရန် ပညာပေးဟောပြောခြင်း၊ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တားဆီးကာကွယ်ရေးအကြောင်း ဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ သဘာပတိ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမှာစကားပြောကြားသည်။** (အောက်ယာပုံ)

**ထောက်ပံ့**

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာခင်လေးရီက မိခင်များ အာဟာရပြည့်ဝစွာ စားသောက်တတ်စေရန် ပညာပေးဟောပြောပြီး ကာလသားရောဂါ တိုက်ဖျက်ရေးနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာ အောင်လင်းအေးက (အိတ်ချ်အိုင်ဗွီ၊အေအိုင်ဒီအက်စ်) အကြောင်းဟောပြောကာ ကိုယ်ဝန်ဆောင် မိခင်များအား ဆေးဝါးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



ထို့နောက် တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကြက်သွန်ခင်း(၁)ရပ်ကွက်နေ ကြယ်နီဆေးပေါ့လိပ်ခုံပိုင်ရှင် သီရိသုဓမ္မသီဂီ ဒေါ်သန်းသန်းနွဲ့က တောင်ငူခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြထံ အလှူငွေကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(၃၇၂)**

## ကျေးရွာစာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေး သာစည်၌ဆွေးနွေး

သာစည် အောက်တိုဘာ ၃၁

**ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက သာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။**

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမောင်မောင်အုန်းက အမှာစကားပြောကြားပြီး **(ယာပုံ)** မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးဝင်းတင့်က ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် ဆောင်ရွက်ထားရှိသည့် လုပ်ငန်းစဉ်များနှင့် စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာများမှ စာကြည့်တိုက်မှူးများက မရှင်းလင်းသည့်အချက်အလက်များကို မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားသည်။

**(မြို့နယ် ပြန်/ဆက်)**

## တန့်ဆည်၌ ဆောင်းသီးနှံစီမံကိန်း တာဝန်ပေးအပ်

**တန့်ဆည် နိုဝင်ဘာ ၁**

၂၀၀၆-၂၀၀၇ခုနှစ် ဆောင်းသီးနှံစီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၈ရက်နံနက်၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ညွန့်က စီမံကိန်းတာဝန်ပေးအပ်ရခြင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးမန်နေဂျာ ဦးကျင်မောင်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးတင်ဌေးတို့က စီမံကိန်းသီးနှံစိုက်ပျိုးရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်မျိုးအောင်က ဆောင်းသီးနှံစီမံကိန်းတာဝန်များကို ဌာနဆိုင်ရာ အုပ်စုတာဝန်ခံများအား ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်းနှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

**ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ ပြန်လည် ထွက်ခွာသွားသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘိုဝါဆွန်၊ ဘုဖာဝမ်းအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**ရန်ကုန် နိုဝင်ဘာ ၉**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန်၊ ဘုဖာဝမ်း ခေါင်းဆောင်သည့် လာအိုချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။



**အမှတ်တရလက်ဆောင်ပေး**

ထိုသို့မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းက ခရီးစဉ်မှတ်တမ်း ဓာတ်ပုံ CD နှင့် VCD ခွေများကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

**ပို့ဆောင်နှုတ်ဆက်**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးဦးညွန့်လှိုင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာချန်သာဗွီ ဘိုဒီစိမ်းနှင့် သံရုံးမှ ဝန်ထမ်းများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ကြိုဆိုနှုတ်ဆက်

**နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးသောင်းတို့ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊အေ၊ဂမ်ဘာရီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့်အဖွဲ့ ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီသည် ယနေ့နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် ဆစ်(ခ)လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

***စာမျက်နှာ ၆ ကော်လံ ၄*** ●



| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
| --- | --- | --- |
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)အကြို ညှိနှိုင်းအစုအဖွဲ့ ကဏ္ဍအလိုက် အကြိုနှီးနှောဖလှယ်ပွဲများ သတ်မှတ်နေရာအသီးသီး၌ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၉

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ စုဖွဲ့မှုများအလိုက် စည်းရုံးရေးနှင့်စီမံရေးရာကဏ္ဍ၊ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ၊ စီးပွားရေးရာကဏ္ဍ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ် လူငယ်များကဏ္ဍ၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ၊ ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတို့အတွက် ကဏ္ဍအလိုက် အကြိုနှီးနှောဖလှယ်ပွဲများကို နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နယ်မြေ ရေဆင်းရှိ သတ်မှတ်နေရာအသီးသီးတို့၌ ကျင်းပသည်။**

**သဘာပတိ**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၁)စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ အကြို နှီးနှောဖလှယ်ပွဲကို နံနက် ၁၀ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ဘာသာဗေဒ (Language Lab) အဆောင်၌ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အတွင်းရေးမှူးဦးသောင်း၊ ဗဟိုအလုပ်အမှုဆောင်များကြသော ဦးသိန်းအောင်နှင့် ဦးခင်မောင်မြင့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ***စာမျက်နှာ ၄ ကော်လံ ၁*** ❐